မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

ဆင်းရဲဒုက္ခတို့ မကျရောက်

အမျက် 'ဒေါသ' ကို စွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်နေ့ ၂၀၂၆ ခုနှစ်၊ ဧပြီ ၁ ရက်၊ ဗုဒ္ဓဟူးနေ့ အတွဲ (၆၅)၊ အမှတ်(၁၈၃)

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့အစည်းအဝေး ဒုတိယနေ့ကျင်းပ

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကို ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်

ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အစုအဖွဲ့ဝင်များ ဆန္ဒမဲလက်မှတ်များကို တစ်ဦးချင်းလက်မှတ်ရေးထိုးထုတ်ယူပြီး သတ်မှတ်ထားသည့်နေရာတွင် လျှို့ဝှက်ဆန္ဒပြုကာ ဆန္ဒမဲပုံးများအတွင်းသို့ ဆန္ဒမဲလက်မှတ်များ ထည့်သွင်းစဉ်။

နေပြည်တော် မတ် ၃၁

သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီက သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ဒုတိယနေ့သို့ တက်ရောက်ခွင့်ရှိသည့် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၆၃ ဦးရှိသည့် အနက် ယနေ့အစည်းအဝေးသို့ ၂၆၀ တက်ရောက်ပြီး တက်ရောက်မှု ရာခိုင်နှုန်း ၉၈ ဒသမ ၈၆ ရှိသည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ အတည်ပြု မှတ်တမ်းတင်သည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ဒုတိယသမ္မတလောင်းများအဖြစ် အဆိုပြုလွှာများကို နိုင်ငံတော်သမ္မတနှင့်

စာမျက်နှာ ၃ ကော်လံ ၁

ပတ်ဝန်းကျင်တစ်ခွင်လုံး သန့်ရှင်းရေး ယင်လုံအိမ်သာ ရာနှုန်းပြည့်သုံးစွဲ

လူတိုင်းကျန်းမာ အသက်ရှည်ရေးအတွက် ကျန်းမာရေးနှင့် ညီညွတ်သော ပတ်ဝန်းကျင်၌ နေထိုင်ကြရန်လိုသည်။ ကျန်းမာရေးနှင့် ညီညွတ်သော ပတ်ဝန်းကျင်ဟူသည် ရေထု၊ မြေထုနှင့် လေထုတို့ သန့်ရှင်းသော ပတ်ဝန်းကျင်ဖြစ်သည်။ လူနေ ရပ်ရွာများတွင် ပတ်ဝန်းကျင်သန့်ရှင်းရေးဖော်ဆောင်ရာ၌ ကျန်းမာရေးနှင့် ညီညွတ်သည့် ယင်လုံအိမ်သာကို ရပ်ရွာအတွင်း နေထိုင်သူအားလုံးက ဆောက်လုပ်သုံးစွဲကြရန်လိုသည်။

ကျန်းမာရေးနှင့် ညီညွတ်သည့် ယင်လုံအိမ်သာဆိုသည်မှာ လူမစင် အညစ်အကြေးများ ရေ၊ မြေ၊ လေ၊ ပိုးမွှား၊ တိရစ္ဆာန်တို့ကြောင့် လူတို့ထံ ပြန်လည်မရောက်ရှိစေရန် စနစ်တကျ စွန့်ပစ်သိုလှောင်ဖုံးအုပ်ထားရှိ အသုံးပြုသော အိမ်သာမျိုးဖြစ်သည်။ ယင်လုံအိမ်သာဆောက်လုပ်သည့်နေရာသည် အသုံးပြုနေဆဲဖြစ်သော ရေတွင်း၊ ရေကန်များနှင့် ပေ ၅၀ ထက်မနည်း ကွာဝေးသည့်နေရာ၊ အမြင့်ပိုင်း မကျသည့်နေရာများကို ရွေးချယ်ကြရန်လိုသည်။ အကောင်းဆုံးသော ယင်လုံအိမ်သာသည် ယင်လုံ၊ အနံ့လုံ၊ အရှက်လုံ၊ သန့်ရှင်းပြီး မစင်မှ ရောဂါမပြန့်ပွားစေရန် တားဆီးနိုင်သည့် အင်္ဂါရုပ်နှင့် ပြည့်စုံသည့် အိမ်သာပင် ဖြစ်သည်။

ကျန်းမာရေးနှင့် ညီညွတ်သည့် ယင်လုံအိမ်သာ တည်ဆောက်ရန် အတွက် မိမိတတ်နိုင်သည့် ငွေကြေးပမာဏဖြင့်ပင် တည်ဆောက်ကြရမည်ဖြစ်သည်။ အိမ်သာ အဆောက်အအုံသည် လေဝင်လေထွက်နှင့် အလင်းရောင် ကောင်းစွာရရှိရန်၊ သုံးစွဲသူသက်သောင့်သက်သာရှိရန်နှင့် အရှက်လုံရန် လိုသည်။ တတ်နိုင်ပါက အခိုင်အခဲ့ တည်ဆောက်နိုင်သော်လည်း မတတ်နိုင်ပါက ဒေသထွက်ပစ္စည်းများနှင့်ပင် တည်ဆောက်ကြရမည်ဖြစ်သည်။ အိမ်သာခွက်ကို ဘိုထိုင်အိုး၊ အိမ်သာကြွေခွက်၊ ပလတ်စတစ်အိမ်သာခွက် စသည်ဖြင့် သုံးစွဲနိုင်ကြပြီး အဓိကအချက်မှာ ယင်မနားနိုင်စေသည့် အိမ်သာခွက်အဖုံးပါရှိရန်ပင်ဖြစ်သည်။ အိမ်သာအသုံးပြုပြီးတိုင်း အိမ်သာခွက်ကို ရေလောင်းချ သန့်စင်ပြီး သည်နှင့် အဖုံးကို ပြန်လည်ဖုံးအုပ်ထားကြရမည်ဖြစ်သည်။

မိသားစုတစ်စု ငါးနှစ်ခန့် အသုံးပြုနိုင်ရန် အိမ်သာကျင်းကို အနက် ရှစ်ပေ၊ အခွင်း သုံးပေခန့် တူးရန်လိုပြီး ရေထွက်လာခြင်း သို့မဟုတ် မြေမာလွန်းခြင်းတို့ ဖြစ်ပါက အနက်ကို လျှော့၍ ကျင်းကို ခပ်ကျယ်ကျယ် အလျားလိုက်တူးကာ အနက်ကို လေးပေခန့်ထားသင့်သည်။ အိမ်သာကျင်း အကာအရံသည် မြေပြင်အထက် အမြင့်တစ်တောင်ကျော်၊ ရေလွှမ်းသော ဒေသများတွင် အမြင့်ဆုံး ရေပြင်အထက် တစ်တောင်ခန့် ရှိရန်လိုသည်။ အိမ်သာကျင်းအဖုံးကို ကွန်ကရစ်အဖုံး သို့မဟုတ် ဝါးခွေနှစ်ထပ် အိမ်သာကျင်းတွင် အဖုံးကို သစ်/ဝါးလုံးတန်းများ ခိုင်မြဲ၍ စေ့နေအောင် ချည်နှောင်ပြီး အပေါ်မှ ပလတ်စတစ်စ သို့မဟုတ် ပိန်အိတ်ခဲဖြင့် လုံခြုံအောင်ဖုံးပြီး မြေကြီးကို အထက်မှ အောက်သို့ လျှောစောင်းဖြစ်အောင်ဖို့ရမည်ဖြစ်သည်။ အဓိကအချက်မှာ ယင်လုံရန်နှင့် အနံ့လုံရန် ဖြစ်သည်။ ဆောက်လုပ်ပြီးသည့် ယင်လုံအိမ်သာ တာရှည်သုံးစွဲနိုင်ရန် မိသားစုတိုင်းတွင် တာဝန်ရှိသည့်အလျောက် မသုံးစွဲမီ ရေအနည်းငယ် လောင်းချရန်၊ သုံးပြီးလျှင် ရေဖြင့် သန့်ရှင်းအောင် ဆေးချရန်၊ အိမ်သာကျင်းပေါ် ရေများစီးကျမှု မရှိစေရန်၊ အိမ်သာကျင်းပေါ် တိရစ္ဆာန်များ မနင်းစေရန် ဆောင်ရွက်ကြရမည် ဖြစ်သည်။

ယင်လုံအိမ်သာ သုံးစွဲခြင်းအားဖြင့် ယင်ကောင်နှင့်မစင် ထိတွေ့နိုင်တော့မည် မဟုတ်ခြင်းကြောင့် စစင်မှရောဂါပိုးများ ယင်ကောင်တွင် ကပ်ငြိပါလာကာ ယင်နားသော အစာထဲသို့ ဝင်ရောက်ခြင်းလည်း ကင်းဝေးသွားမည်ဖြစ်သည်။ အိမ်သာတွင်းထဲတွင် ယင်ပေါက်မှာ နိုင်ခြင်း မရှိတော့သည့်အလျောက် ယင်ကောင်လည်း နည်းပါးသွား မည်ဖြစ်သည်။ ယင်လုံသည်နှင့်အမျှ အနံ့လည်းလုံသွားမည် ဖြစ်သလို အညစ်အကြေးများကို မသတီစရာ မြင်တွေ့နေခြင်းမှလည်း လွတ်ကင်းသွားမည် ဖြစ်သည်။

နေ့စဉ် မိမိတို့၏ တစ်ကိုယ်ရေကျန်းမာရေးအတွက် "သန့်(၄) သန့်" ဟု ဆိုသည့် သန့်ရှင်းသောလက်၊ သန့်ရှင်းသော သောက်သုံးရေ၊ ကျန်းမာရေးနှင့် ညီညွတ်သည့် သန့်ရှင်းသော အစားအစာ၊ သန့်ရှင်းသော ပတ်ဝန်းကျင် (ယင်လုံအိမ်သာ)တို့ကို အလေးအနက်ထားကာ ကျင့်သုံးကြရန်လိုသည်။ သန့် (၄) သန့်တို့ မသန့်ရှင်းပါက ဝမ်းပျက်၊ ဝမ်းလျှောရောဂါ၊ ကာလဝမ်းရောဂါ၊ အူရောင်ငန်းဖျားရောဂါ၊ အသည်း ရောင် အသားဝါရောဂါ၊ ပိုလီယိုရောဂါ စသည့်ရောဂါများ ကျရောက် နိုင်ပြီး ပြင်းထန်ပါက အသက်ဆုံးရှုံးစေနိုင်သည်အထိ အန္တရာယ် ကြီးမားသည်။

မိမိတို့နေထိုင်ရာ ရပ်ရွာဒေသများ ကျန်းမာရေးနှင့် ညီညွတ်စေရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးတို့အတွက် ရာနှုန်းပြည့် ယင်လုံအိမ်သာ သုံးစွဲနိုင်ကြရန် ပြည်သူအားလုံး ကြိုးပမ်းအားထုတ်ကြရပါမည့် အကြောင်း။ ။

အစိုးရဓမ္မာစရိယစာမေးပွဲ နဝမနေ့နှင့် ပါဠိပထမပြန်စာမေးပွဲ တတိယနေ့ဆက်လက်ကျင်းပ

နေပြည်တော် မတ် ၃၁

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၆ ခုနှစ်၊ အစိုးရဓမ္မာစရိယစာမေးပွဲ နဝမနေ့ကို ယနေ့တွင် နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၆၅ ဌာနတွင် လည်းကောင်း၊ ပါဠိပထမပြန်စာမေးပွဲ တတိယနေ့ကို စာဖြေဌာန ၂၀၄ ဌာနတွင်လည်းကောင်း ဆက်လက်ဖြေဆိုကြသည်။

အစိုးရဓမ္မာစရိယစာမေးပွဲ နဝမနေ့တွင် စာဖြေစာရင်းသွင်း ၄၃၀ ပါး/ဦးအနက် ၂၇၂ ပါး/ဦး ဖြေဆိုကြသဖြင့် ၆၃ ဒသမ ၂၅ ရာခိုင်နှုန်း ဖြေဆိုကြပြီး ပါဠိပထမပြန်စာမေးပွဲ(ပထမကြီး၊ ပထမလတ်၊ ပထမငယ်၊ အခြေပြုမူလတန်း) တတိယနေ့တွင် စာရင်းသွင်း ၆၁၇၀၃ ပါး/ဦး အနက် ၅၁၄၃၁ ပါး/ဦး ဖြေဆိုကြသဖြင့် ၈၃ ဒသမ ၂၁ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။ သတင်းစဉ်

၃၁-၃-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၁၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၇၀၀၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁ - ၄ - ၂၀၂၆

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	ဖော်လမြိုင်	လားရှိး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၄၄၅၀	၄၅၆၅	၄၄၃၀	၄၄၆၅	၄၄၇၀	၄၅၈၅	၄၆၀၅	၄၅၂၀	၄၅၀၅	၄၈၀၅	၄၈၄၀	၄၈၆၅	၄၈၂၅	၄၆၁၀	၄၄၇၅	၄၈၅၅
95 Ron	၄၉၀၅	၅၀၉၀	၅၀၅၅	၄၉၉၀	၅၀၉၅	၅၁၁၀	၅၁၃၀	၅၀၄၅	၄၉၆၀	၅၀၃၀	၅၀၆၅	၅၀၆၅	၅၁၀၅	၅၀၂၅	၅၁၀၀	၅၁၄၀
HSD (500 ppm)	၄၄၇၀	၄၅၆၅	၄၄၃၀	၄၄၆၅	၄၄၇၀	၄၅၀၅	၄၆၀၅	၄၅၂၀	-	၄၈၀၅	၄၈၄၀	၄၈၆၅	၄၈၃၀	၄၈၀၅	၄၈၆၀	၄၈၄၅
HSD (50 ppm)	၆၀၈၅	၆၂၀၀	၆၀၆၅	၆၀၀၀	၆၂၀၅	၆၂၂၀	၆၂၄၀	၆၀၅၅	၄၈၃၀	၆၄၀၀	၆၀၁၅	၆၄၂၀	၆၂၄၅	၆၂၀၀	၆၂၃၀	၆၄၉၀
HSD (10 ppm)	၆၀၈၅	၆၂၀၀	၆၀၆၅	၆၀၀၀	၆၂၀၅	၆၂၂၀	၆၂၄၀	၆၀၅၅	-	၆၄၀၀	၆၀၁၅	၆၄၂၀	၆၂၄၅	၆၂၀၀	၆၂၃၀	၆၄၉၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၂၄၄	၄၃၅၂
95 Ron	၄၇၄၂	၄၈၈၀
HSD (500 ppm)	၅၂၀၂	၅၃၃၆
HSD (50 ppm)	၅၈၁၆	၅၉၆၂
HSD (10 ppm)	၅၈၁၆	၅၉၆၂

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။
(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂ ၀၉-၆၈၀၅၈၉၈၈၈
စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ်	-	ဟန်လင်းအောင်	အကြီးတန်း	-	ကျော်သူဝင်း၊ တင်မောင်လွင်၊
စာတည်းမှူး	-	ခင်ရတနာ	သတင်းထောက်များ		ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
စာတည်းများ	-	ကျော်ဇေယျာဖြင့်၊ နေဇာဇာထွန်း	ဓာတ်ပုံသတင်းထောက်	-	တင်စိုး
ဘာသာပြန်စာတည်း	-	ခြူးစန်ဒီနွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေယူနွယ်	စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	-	မိုမိုအေးနှင့် ခွန်ပန်တို့အဖွဲ့
			အီးမေးနှင့် အွန်လိုင်း	-	သက်လွင်ဦးနှင့် အဖွဲ့
သုတေသန	-	အိအိခင်နှင့် အဖွဲ့			
စာပြင်	-	ဇော်မင်းသန်းနှင့် အဖွဲ့			

နေပြည်တော်-ဒုတိယစာတည်းမှူးချုပ် ၀၆၇-၃၆၁၄၄၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၄၊ ဖက်စ် ၀၆၇-၃၆၁၄၄၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၀၄၊ စီမံ ၀၁-၅၄၄၃၀၁၅၊ ဌေးရင်း ၀၁-၅၄၄၃၀၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၀၊ Fax ၀၁-၅၄၆၂၂၀၊ ၀၆၇-၃၆၁၄၄၊ ဖြန့်ချိရေး ၀၁-၅၄၄၃၀၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@gmail.com

MYANMAR Digital News Presented by NPE www.mdn.gov.mm

သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင်ပါဝင်သော ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ဒုတိယနေ့ကျင်းပစဉ်။

❁ရှေ့ဖုံးမှ

ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၁၃ အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က စိစစ်ခဲ့ရာ ပြည့်စုံမှုရှိသည်ကို တွေ့ရှိရကြောင်း၊ ကိုယ်စားလှယ်များက အဆိုတင်သွင်းထားသည့် ဒုတိယသမ္မတလောင်းနှစ်ဦး၏ အကျရာစဉ်အလိုက် အမည်စာရင်းမှာ (၁) ဒေါက်တာကျော်ဆွေတောင်တွင်းကြီးမဲဆန္ဒနယ်၊ (၂) ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့ဖြစ်ကြောင်း လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

လွှတ်တော်သို့ အသိပေးကြေညာ

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒုတိယသမ္မတလောင်းအဖြစ် အမည်စာရင်းတင်သွင်းခံရသူ တစ်ဦးထက် ပိုသည့်အတွက် ဒုတိယသမ္မတတစ်ဦး ရွေးချယ်တင်မြှောက်နိုင်ရန် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၁၆ အရ ဆန္ဒမဲလက်မှတ်ဖြင့် လျှို့ဝှက်ဆန္ဒမဲပေး၍ ရွေးချယ်တင်မြှောက်မည် ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများအရ ဆန္ဒမဲပေးပုံပေးနည်းကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတ ရွေးချယ်တင်မြှောက်နိုင်ရန် ဆန္ဒမဲပေးပွဲတွင် အသုံးပြုမည့် ဆန္ဒမဲလက်မှတ်များကို နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများနှင့်အညီ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် ရွေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ် အစုအဖွဲ့ဝင်များ၏ ရှေ့မှောက်၌ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူတစ်ဦးက ရေတွက်သည်။

ဆက်လက်၍ ဒုတိယသမ္မတ တစ်ဦး ရွေးချယ်တင်မြှောက်ရန် လျှို့ဝှက်ဆန္ဒမဲပေးခြင်းအစီအစဉ်ကို ဆောင်ရွက်ရာ ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် အစုအဖွဲ့ဝင်များသည် ဆန္ဒမဲလက်မှတ်များကို တစ်ဦးချင်း လက်မှတ်ရေးထိုးထုတ်ယူပြီး သတ်မှတ်ထားသည့်နေရာတွင် လျှို့ဝှက်ဆန္ဒပြုကာ ဆန္ဒမဲပုံးများအတွင်းသို့ ဆန္ဒမဲလက်မှတ်များ ထည့်ကြသည်။

ထို့အတူ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ကလည်း ရွေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အစုအဖွဲ့ဝင်များနှင့်အတူ သတ်မှတ်ထားသည့်နေရာတွင် လျှို့ဝှက်ဆန္ဒပြုကာ ဆန္ဒမဲပုံးများအတွင်းသို့ ဆန္ဒမဲလက်မှတ်များ ထည့်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၁၈၊ နည်းဥပဒေခွဲ (၄) အရ ကိုယ်စားလှယ်များကို ထုတ်ပေးထားသည့် ဆန္ဒမဲလက်မှတ်အရေအတွက်နှင့် ဆန္ဒမဲပုံးများအတွင်းမှ ထုတ်ယူရရှိသည့် ဆန္ဒမဲလက်မှတ်အရေအတွက်တို့ ကိုက်ညီခြင်း ရှိ/မရှိကို လွှတ်တော်၏ ရှေ့မှောက်၌ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများက ရေတွက်စစ်ဆေးကြသည်။

အထမြောက်ကြောင်းကြေညာ

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ် အစုအဖွဲ့ဝင်များကို ထုတ်ပေးထားသည့် ဆန္ဒမဲလက်မှတ် အရေအတွက် ၂၆၀ ဖြစ်ပြီး ယခုဆန္ဒမဲပုံးအတွင်းမှ ထုတ်ယူရရှိသည့် ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၂၆၀ ဖြစ်သည့်အတွက် ကိုက်ညီမှုရှိသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၁၈၊ နည်းဥပဒေခွဲ (၆)၊ နည်းဥပဒေခွဲငယ်(၅)အရ ဆန္ဒမဲပေးပွဲ အထမြောက်ကြောင်း ကြေညာသည်။

ထို့နောက် ဒုတိယသမ္မတတစ်ဦး ရွေးချယ်တင်မြှောက်ရန် လျှို့ဝှက်ဆန္ဒပြုထားသည့် ဆန္ဒမဲလက်မှတ်များကို ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အစုအဖွဲ့ဝင်များ၏ ရှေ့မှောက်၌ ရေတွက်စစ်ဆေးကြရာ ဆန္ဒမဲပေးသည့်ဦးရေ စုစုပေါင်း ၂၆၀ ရှိသည့်အနက် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ထောက်ခံမဲ ၂၄၇ မဲ၊ ဒေါက်တာကျော်ဆွေက ထောက်ခံမဲ ၁၀ မဲရရှိပြီး ပယ်မဲ ၃ မဲ ဖြစ်သည်။

ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဒုတိယသမ္မတ ရွေးချယ်တင်မြှောက်ပွဲတွင် ထောက်ခံဆန္ဒမဲအများဆုံးရရှိသူမှာ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဖြစ်သည့်အတွက် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၂၂ အရ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကို ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ကြောင်း အတည်ပြုကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က ရွေးချယ်တင်မြှောက်လိုက်သည့် ဒုတိယသမ္မတ၏ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော် နာယကထံ တင်ပြသွားမည်ဖြစ်ကြောင်း အသိပေးကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ဒုတိယနေ့ပြီးဆုံးကြောင်း ကြေညာပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

သတင်းစဉ်

နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး လယ်ဝေးမြို့နယ်၌ ပုံစံ(၇) ပေးအပ်ပွဲနှင့် နွေစပါးပန်းတိုင်အထွက်နှုန်းပြည့်မီရေး စိုက်ပျိုးနေမှုများအား ကွင်းဆင်းကြည့်ရှုအားပေး

နေပြည်တော် မတ် ၃၁

နေပြည်တော် ကောင်စီဝင် ဦးမြင့်စိုးသည် ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများနှင့်အတူ လယ်ဝေးမြို့နယ် ညောင်ပင်သာကျေးရွာတွင် ကျင်းပသည့် ပေါင်းလောင်းဆင်စာ သစ်တောကြိုးပိုင်းအတွင်း သစ်တောကြိုးပိုင်းမြေမှ ပယ်ဖျက်ပေးခဲ့သည့် စိုက်ပျိုးလုပ်ကိုင်နေသော လယ်မြေများအတွက် တောင်သူများအား လယ်ယာမြေ လုပ်ပိုင်ခွင့်ပြု လက်မှတ်ပုံစံ (၇) ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးက အမှာစကား ပြောကြားရာတွင် လယ်ဝေးမြို့နယ်အတွင်း စိုက်ပျိုးထားရှိသော လယ်ယာမြေများအား လယ်ယာမြေဥပဒေနှင့် အညီ တောင်သူများ လက်ဝယ်သို့ လုပ်ပိုင်ခွင့်ပြု လက်မှတ်ပုံစံ(၇) ထုတ်ပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုအခါ ပေါင်းလောင်းဆင်စာ သစ်တောကြိုးပိုင်းအတွင်းမှ ပယ်ဖျက်ပေးခဲ့သည့်ကျေးရွာ ၁၂ ရွာဖြစ်သည့် အောင်သပြေ၊ နန္ဒင်းအိုင်၊ သရက်ချောင်း၊ ပေါင်းလောင်း၊ ရွှေပြည်သာ၊ လက်ပံတန်း၊ ဗောဓိကုန်း၊ ဟေမာနှံ၊ အင်တိုင်းသာ၊ သစ်ကိုးပင်၊ ညောင်ပင်သာ၊ အောင်ချမ်းသာကျေးရွာများတွင် လက်ရှိစိုက်ပျိုးလျက်ရှိသော လယ်မြေဧရိယာ ၄၄၂၂ ဒသမ ၆၆ ဧကအား ကွင်းဖွဲ့တိုင်းတာခြင်းများ ဆောင်ရွက်ခဲ့ပြီး ကျေးရွာနှစ်ရွာမှ တောင်သူ ၃၀၆ ဦး၏ လယ်မြေ ၉၆၀ ဒသမ ၆၁ ဧက ဦးပိုင်ပေါင်း ၄၈၈ ဦးပိုင်အား လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ပုံစံ(၇) ထုတ်ပေးနိုင်ခဲ့ခြင်းဖြစ်ပြီး ကျန်သည့် ကျေးရွာများကိုလည်း ထုတ်ပေးနိုင်ရန် ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း၊ တောင်သူများအနေဖြင့် မိမိတို့၏ လယ်မြေများတွင် အရည်အသွေး ကောင်းမွန်၍ အထွက်နှုန်းများသည့် သီးနှံများကို ပန်းတိုင်အထွက်နှုန်းပြည့်မီရေး စနစ်တကျ ကြိုးပမ်းစိုက်ပျိုးခြင်း ဖြင့် လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း ဆွေးနွေး ပြောကြားသည်။

ဆက်လက်၍ လယ်ဝေးမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူရက လယ်ယာမြေ လုပ်ပိုင်ခွင့်ပြု လက်မှတ်ပုံစံ(၇) ထုတ်ပေးခြင်း လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့် တာဝန်ရှိသူများက တောင်သူများအား လယ်ယာမြေလုပ်ပိုင် ခွင့်ပြုလက်မှတ်ပုံစံ (၇)များ ပေးအပ်သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင်သည် လယ်ဝေးမြို့နယ် အင်တိုင်းသာကျေးရွာ ကွင်းအမှတ် ၂၂၅၅၊ တောင်သူ ဦးမှတ်ကြီး၏ လယ်မြေ ငါးဧကတွင် နွေစပါး နံကောက်မျိုးအား လက်ဆွဲဆီဒါဖြင့် မျိုးစေ့ချစိုက်ပျိုးနေမှုအား ကြည့်ရှုအားပေးကာ နွေစပါးပန်းတိုင်အထွက်နှုန်း ရရှိရေး နည်းစနစ်တကျစိုက်ပျိုးရေး ဆွေးနွေးပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်သည် ပေါက်မြိုင်ကျေးရွာ ကွင်းအမှတ် ၁၇၄၆ တောင်သူ ဦးစိုးလင်း၏ လယ်မြေ ၁၀ ဧကတွင် နွေစပါးနံကောက်မျိုးများ ဆီဒါဖြင့် စိုက်ပျိုးထားရှိမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။

သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင်ပါဝင်သော ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးကျင်းပပြီးစီး

ဒုတိယသမ္မတအဖြစ် ဒေါ်နန်းနီနီအေး အား ရွေးချယ်တင်မြှောက်

နေပြည်တော် မတ် ၃၁

သမ္မတရွေးချယ် တင်မြှောက်ရေးအဖွဲ့တွင်ပါဝင်သော ရွေးကောက်ခံအမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အတည်ပြုချက်ရယူ

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဌေးက သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင်ပါဝင်သော ရွေးကောက်ခံအမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ကိုယ်စားလှယ် ဦးရေစုစုပေါင်း ၁၅၇ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၁၅၅ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင် ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ဦးစွာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးပထမနေ့တွင် ဒုတိယသမ္မတလောင်းအဖြစ် ကိုယ်စားလှယ်များ အဆိုတင်သွင်းထားသည့် ကရင်ပြည်နယ် လွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းနီနီအေး နှင့် ကချင်ပြည်နယ် အမျိုးသားလွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါက်တာမနာမဲတူးဂျာတို့၏ အမည်စာရင်းနှင့် ဒုတိယသမ္မတလောင်း နှစ်ဦး၏ အဆိုပြုလွှာများကို နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ(၁၃)အရ စိစစ်ရာ ပြည့်စုံမှုရှိသည်ကို တွေ့ရှိရကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများအရ ဆန္ဒမဲပေးရမည့်နည်းလမ်းများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်က ဆန္ဒမဲလက်မှတ်များကို ရေတွက်ပြီး လျှို့ဝှက်ဆန္ဒမဲပေးခြင်းအစီအစဉ်ကို ဆောင်ရွက်ရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အစုအဖွဲ့ကိုယ်စားလှယ်များသည် ဒုတိယသမ္မတလောင်းအဖြစ် အမည်စာရင်းတင်သွင်းခံရသူ နှစ်ဦးအနက်မှ တစ်ဦးကို ရွေးချယ်တင်မြှောက်နိုင်ရန် ဆန္ဒမဲလက်မှတ်များကို အမျိုးသားလွှတ်တော်ရုံးဝန်ထမ်းများထံမှ လက်မှတ်ရေးထိုးထုတ်ယူကြကာ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ လျှို့ဝှက်ဆန္ဒမဲပေးကြသည်။

စိစစ်ရေတွက်

ဆန္ဒမဲပေးပြီးနောက် အမျိုးသားလွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်က နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၁၈၊ နည်းဥပဒေခွဲ (၄) အရ ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရှေ့မှောက်တွင် ဆန္ဒမဲပုံးများကို ဖွင့်လှစ်ပြီး သက်ဆိုင်ရာ နည်းဥပဒေများနှင့်အညီ စိစစ်ရေတွက်သည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကိုယ်စားလှယ်များကို ထုတ်ပေးထားသည့် ဆန္ဒမဲလက်မှတ်အရေအတွက် ၁၅၅ မဲဖြစ်ပြီး ဆန္ဒမဲပုံးအတွင်းမှ ထုတ်ယူရရှိသည့် ဆန္ဒမဲလက်မှတ်အရေအတွက်သည် ၁၅၅ မဲဖြစ်သည့်အတွက် ကိုက်ညီမှုရှိသဖြင့် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၁၈၊ နည်းဥပဒေခွဲ(၄)၊ နည်းဥပဒေခွဲငယ် ၅ အရ ဆန္ဒမဲပေးပွဲအထမြောက်ကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်က ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရှေ့မှောက်၌ ဒုတိယသမ္မတလောင်းတစ်ဦးစီရရှိသည့် ဆန္ဒမဲလက်မှတ်များကို သီးခြားစီခွဲ၍ ရေတွက်ပြီး ဒုတိယသမ္မတလောင်းများ ရရှိသည့် ထောက်ခံဆန္ဒမဲ အနည်းအများအလိုက် အမည်စာရင်းကို ပုံစံ(၈)တွင် ဖြည့်စွက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြသည်။

ဒုတိယသမ္မတအဖြစ် ရွေးချယ်

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယသမ္မတလောင်းများ၏ တစ်ဦးချင်း ထောက်ခံဆန္ဒမဲရရှိမှုအခြေအနေမှာ ကရင်ပြည်နယ်လွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းနီနီအေး ထောက်ခံဆန္ဒမဲ ၁၁၇ မဲနှင့် ကချင်ပြည်နယ် အမျိုးသားလွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါက်တာမနာမဲတူးဂျာ ထောက်ခံဆန္ဒမဲ ၃၈ မဲတို့ဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတနှင့်ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၂၂ အရ ထောက်ခံဆန္ဒမဲ အများဆုံးရရှိသည့် ကရင်ပြည်နယ် လွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါ်နန်းနီနီအေး ကို ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ကြောင်း ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရွေးကောက်ခံအမျိုးသားလွှတ်တော် ကိုယ်စားလှယ်အစုအဖွဲ့က ရွေးချယ်တင်မြှောက်သည့် ဒုတိယသမ္မတ ကရင်ပြည်နယ် လွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းနီနီအေး၏ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော် နာယကထံ တင်ပြသွားမည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရွေးကောက်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ ဒုတိယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာသည်။ သတင်းစဉ်

ရွေးကောက်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှေ့မှောက်၌ ဒုတိယသမ္မတလောင်းတစ်ဦးစီရရှိသည့် ဆန္ဒမဲလက်မှတ်များကိုသီးခြားစီခွဲ၍ ရေတွက်စဉ်။

သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင်ပါဝင်သော ရွေးကောက်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့ ဆန္ဒမဲလက်မှတ်များကို အမျိုးသားလွှတ်တော်ရုံးဝန်ထမ်းများထံမှ လက်မှတ်ရေးထိုးထုတ်ယူကြကာ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ လျှို့ဝှက်ဆန္ဒမဲပေးကြစဉ်။

❑ မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card ၊ Mobile Payment Account ၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော တပ်မတော်သားလွတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကျင်းပ

နေပြည်တော် မတ် ၃၁

နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများအရ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က ဒုတိယသမ္မတရွေးချယ်ရေး အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် စစ်ကြောရေးနှင့် တည်ခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်ချုပ်ရဲကျော်သူက သဘာပတိအဖြစ်ဆောင်ရွက်ပြီး သဘာပတိက ယနေ့ ကျင်းပပြုလုပ်သည့် အစည်းအဝေးကို တက်ရောက်ခွင့်ရှိသည့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ၁၆၆ ဦးစလုံး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းပြည့်ဖြစ်သဖြင့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

ဆက်လက်၍ သဘာပတိက ဒုတိယသမ္မတ ရွေးချယ်တင်မြှောက်ရေးဆိုင်ရာနှင့် ပတ်သက်သည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများအား ရှင်းလင်းပြောကြားပြီး တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က ရွေးချယ်တင်မြှောက်မည့် ဒုတိယသမ္မတ ရွေးချယ်တင်မြှောက်နိုင်ရေးအတွက် အဆိုပြုလွှာများအား အခမ်းအနားမှူးမှ တစ်ဆင့် သဘာပတိထံတင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဗိုလ်ချုပ်ကျော်သူရအေးက ဦးညီစော (ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ ကိုကိုးကျွန်းမဲဆန္ဒနယ်) အား တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က ရွေးချယ်တင်မြှောက်သည့် ဒုတိယသမ္မတအဖြစ် အဆိုပြုတင်သွင်းရာ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်စိုးညွှန့်က ထောက်ခံတင်သွင်းသည်။

ယင်းအဆိုတင်သွင်းမှုအပေါ် ကန့်ကွက်သူမရှိသဖြင့် ဦးညီစော (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ကိုကိုးကျွန်းမဲဆန္ဒနယ်) အား တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က ရွေးချယ်တင်မြှောက်သည့် ဒုတိယသမ္မတအဖြစ် အတည်ပြုခဲ့ပြီး သဘာပတိက ပြည်ထောင်စု လွှတ်တော်နာယကထံ ပေးပို့တင်ပြသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

တတိယအကြိမ် ကရင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကျင်းပ

ဘားအံ မတ် ၃၁

တတိယအကြိမ် ကရင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီက ဘားအံမြို့အမှတ်(၄)ရပ်ကွက်ရှိ ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ၂၃ ဦး အနက် ၂၁ ဦး တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစန်းကိုက ပြည်နယ်တိုင်းရင်းသားများအခွင့်အရေးဆိုင်ရာ ကော်မတီ၊ အစိုးရအဖွဲ့၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ ဆိုင်ရာ ကော်မတီ၊ ပြည်သူတို့၏တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာစိစစ်ရေးကော်မတီတို့ကို ဖွဲ့စည်းနိုင်ရေးအတွက် ပြည်နယ်လွှတ်တော်သို့ တင်ပြကြားပြီး ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးမင်းထွေးက အဆိုပါကော်မတီများ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်များကို ပြည်နယ်လွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူသည်။

ထို့နောက်ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက အဆိုပါကော်မတီများ၏ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်သို့ တင်ပြရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက ကန့်ကွက်ရန်မရှိ သဘောတူညီကြသည့်အတွက် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ပြည်နယ်လွှတ်တော်မှ အတည်ပြုကြောင်း ကြေညာခဲ့သည်။

စောမျိုးမင်းသိန်း
(ပြန်/ဆက်)

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကျင်းပ

မုံရွာ မတ် ၃၁

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် မုံရွာမြို့ရှိ လွှတ်တော်အဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင့်လှိုင်မြင့်က တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေးတတိယနေ့သို့ တက်ရောက်ခွင့်ရှိသည့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၈၅ ဦးစလုံး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းပြည့်ဖြစ်သဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာကာ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာ ကော်မတီတွင် ကော်မတီဥက္ကဋ္ဌအဖြစ် ဘုတလင်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁) ဦးအောင်မင်းကျော်သူနှင့် အတွင်းရေးမှူး ဘုတလင်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂) ဦးသိန်းသန်းစိုးအပါအဝင် အဖွဲ့ဝင် ၁၁ ဦး၏ အမည်စာရင်း၊ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် ဥပဒေပြုရေးဆိုင်ရာ ကော်မတီတွင် ကော်မတီဥက္ကဋ္ဌအဖြစ် ကျွန်းလှမြို့နယ် မဲဆန္ဒနယ် အမှတ်(၁) ဦးမြင့်တင်နှင့် အတွင်းရေးမှူး ရေဦးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁) ဦးရဲမိုးနိုင် အပါအဝင် အဖွဲ့ဝင် ၁၃ ဦး၏ အမည်စာရင်း၊ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာ ကော်မတီတွင် ကော်မတီဥက္ကဋ္ဌအဖြစ် မုံရွာမြို့နယ် မဲဆန္ဒနယ် အမှတ်(၂) ဒေါ်ကြူကြူစိန်နှင့် အတွင်းရေးမှူး ရေဦးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂) ဦးအောင်လင်းဆန်း အပါအဝင် အဖွဲ့ဝင်ကိုးဦး၏ အမည်စာရင်း၊ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို တိုင်းဒေသကြီး လွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် အရာအသုံးဝင်ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာရေးဆိုင်ရာကော်မတီတွင် ကော်မတီဥက္ကဋ္ဌအဖြစ် တန့်ဆည်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂) ဦးသော်နိုင်ဦးနှင့် အတွင်းရေးမှူး ခန္ဓိးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁) ဦးမြတ်ကို အပါအဝင် အဖွဲ့ဝင် ၁၃ ဦး၏ အမည်စာရင်း၊ ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့်သက်တမ်းတို့ကို တိုင်းဒေသကြီး လွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

အဆိုပါကော်မတီ (၄)ရပ်ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်းကို လွှတ်တော်အကြီးအမှူးထံ မတ် ၃၀ ရက် ညနေ ၄ နာရီ နောက်ဆုံးထားပေးပို့ရန် ကြေညာထားပြီးဖြစ်သော်လည်း ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးတစ်ယောက်မျှ တင်ပြလာခြင်းမရှိသောကြောင့် လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ အတည်ပြုချက်ရယူ၍ အတည်ပြုဆုံးဖြတ်ပေးခဲ့ကြောင်း သိရသည်။

ယင်းနောက် တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေးစတုတ္ထနေ့ ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြိုတင်အသိပေးကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ခရီးသွားလုပ်ငန်း ပြန်လည်ပုံဖော်ခြင်းအနုပညာ

စည်သူကျော်

ယနေ့အချိန်၌ ကမ္ဘာ့ခရီးသွားလုပ်ငန်းသည် ၂၁ ရာစုအတွင်းတွင် နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေး၊ သဘာဝဘေးနှင့်ကပ်ရောဂါများ၏ သက်ရောက်မှုကို အထိခိုက်ခံရဆုံးသောကဏ္ဍတစ်ခု ဖြစ်လာသည်ကို တွေ့ရှိရသည်။ ကမ္ဘာလုံးဆိုင်ရာ သက်ရောက်မှုတစ်ခုဖြစ်သော ကိုဗစ်-၁၉ ကပ်ရောဂါပျံ့နှံ့ဖြစ်ပွားမှုမှသည် လက်ရှိအရှေ့အလယ်ပိုင်းဒေသတင်းမာမှုများအထိ အဖြစ်အပျက်များသည် ကမ္ဘာ့ခရီးသွားလုပ်ငန်းကို ခြိမ်းခြောက်သောအဆင့်မှ တိုး၍ လက်တွေ့တိုက်ရိုက်သက်ရောက်မှုများအထိ ဖြစ်ပေါ်စေသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ သို့ရာတွင် လူသားတို့၏ အလေ့အထသဘောသဘာဝအရ “Tourism does not disappear- it relocates” ခရီးသွားလုပ်ငန်းသည် ပျောက်ကွယ်သွားသည်မဟုတ်-နေရာရွှေ့ပြောင်းသွားသည်သာဖြစ်သည်။ သို့ဖြစ်၍ ခရီးသွားလုပ်ငန်းသည် ပိုမိုလုံခြုံစိတ်ချရသော နေရာဒေသများသို့ ပြောင်းရွှေ့သွားခြင်းသာဖြစ်ပြီး ယင်းပြောင်းလဲမှုသည် ဖြစ်စဉ်ဖြစ်ရပ်၏ ကြီးမားကျယ်ပြန့်မှုနှင့် ပထဝီနိုင်ငံရေးတို့အပေါ်မူတည်၍ ကမ္ဘာလုံးဆိုင်ရာ ခရီးသွားလုပ်ငန်းပုံစံသစ် (The New Global Tourism Pattern) (ခရီးသွားလုပ်ငန်းနယ်ပယ်တွင် GTP ဟု ခေါ်ဝေါ်သုံးစွဲကြသည်)ကို ဖြစ်ပေါ်လာစေပါသည်။

ခရီးသွားလုပ်ငန်းအတွက် ကောင်းမွန်သော အပြောင်းအလဲများကို ယူဆောင်

ခရီးသွားလုပ်ငန်းပုံစံသစ် ပြောင်းလဲမှုကို ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားမှုအလွန်ကာလများတွင် တွေ့မြင်ခဲ့ရပြီး ၎င်းပုံစံသစ်တွင် ခရီးသွားများသည် လူဦးရေထူထပ်သော ခရီးစဉ်နေရာဒေသများကို ရှောင်ရှား၍ Off the beaten Track ဟု ခေါ်သည့် ပုံမှန်ခရီးသွားများ သွားနေကျခရီးစဉ် ဒေသများကို ရှောင်ရှား၍ လူနေထူထပ်မှု လျော့ပါးသည့် သဘာဝပတ်ဝန်းကျင်အခြေပြု ခရီးစဉ်ဒေသများကို ရွေးချယ်သွားလာလည်ပတ်ခဲ့ကြသည်။ အဆိုးထဲမှအကောင်းဟု ဆိုရမည့်အချက်မှာ ကိုဗစ်-၁၉ ကာလအတွင်း ခရီးသွားလုပ်ငန်းများ ရပ်ဆိုင်းခဲ့သည့်အတွက် ယခင်ခရီးသွားလာမှုများပြားခြင်းကြောင့် ညစ်ညမ်းမှုများ ဖြစ်ပေါ်ခဲ့သည့် ခရီးစဉ်ဒေသများသည် အနားရပြီး မူလသဘာဝနှင့်အနီးစပ်ဆုံး ပြန်လည်သန့်စင်မှုကို ဖြစ်ပေါ်စေခဲ့သည်။ ထို့ကြောင့် ကိုဗစ်အလွန်ကာလတွင် ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်း (Sustainable Tourism)ဟူသော အယူအဆမှသည် (Regenerative Tourism, Transformative Tourism) ဟူသော ခရီးသွားလုပ်ငန်းအယူအဆများကို ခရီးသွားလုပ်ငန်းနယ်ပယ်အတွင်း ကျယ်ကျယ်ပြန့်ပြန့် တင်သွင်းပြောဆိုလာခဲ့ကြသည်။ ထို့ကြောင့် အခြားတစ်ဖက်မှကြည့်လျှင် ကိုဗစ်-၁၉ ကပ်ရောဂါသည် သဘာဝတရားကြီးနှင့် ခရီးစဉ်နေရာဒေသအချို့ကို အနားပေးကာ ခရီးသွားလုပ်ငန်းအတွက် ကောင်းမွန်သော အပြောင်းအလဲများကို ယူဆောင်လာခဲ့သော ဖြစ်စဉ်တစ်ခုဟု ဆိုရပေမည်။ သို့သော် ခရီးသွားလုပ်ငန်း၏ ပြောင်းလဲမှုဖြန့်ဆန်သော ဖြစ်စဉ်များအရ ယနေ့ Global Tourism Arrival သည် ၁ ဒသမ ၅၂ ဘီလီယံအထိ တိုးတက်လာခဲ့ပြီး အာရှနှင့် ပစိဖိတ်ဒေသသည် ခရီးသွားလုပ်ငန်း ပြန်လည်ဖွံ့ဖြိုးတိုးတက်လာရေးတွင် အတက်ကြွဆုံး ပုံဖော်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်သည်။ တည်ငြိမ်မှုရှိသော ဥရောပခရီးသွားလုပ်ငန်းသည်လည်း ဆက်လက်တိုးတက်လျက်ရှိပြီး ခရီးသွားအဆမတန်များပြားမှု Overtourism ကို ကိုင်တွယ်ဆောင်ရွက်နိုင်ရန် သတိထား လုပ်ဆောင်လျက်ရှိသည့် အနေအထားကို တွေ့မြင်ရသည်။

ယခုတစ်ဖန် ကမ္ဘာ့ခရီးသွားလုပ်ငန်းမှာ အသစ်အနေအထားတစ်ခုကို ထပ်မံကြုံတွေ့နေရပြီဖြစ်သည်။ အရှေ့အလယ်ပိုင်းဒေသတွင် စစ်ရေးတင်းမာမှုနှင့်လုံခြုံရေးခြိမ်းခြောက်မှုများသည် သက်ဆိုင်ရာနိုင်ငံများကိုသာမက ကမ္ဘာ့နိုင်ငံအသီးသီးတို့တွင် ကဏ္ဍစုံတို့၌ ချမှတ်ထားပြီးသည့် ရေတိုရေရှည်စီမံကိန်းများကို ပြန်လည်သုံးသပ်၍ အစားထိုးအစီအစဉ်များ၊ ကာလတို ပြန်လည်ကုစားထူထောင်နိုင်မည့် အစီအမံများ (Replacement and Recovery Plan) ကို အရေးပေါ်ရေးဆွဲပြင်ဆင်လာရသည်။ ခရီးသွားလုပ်ငန်းကဏ္ဍတွင် လေ့လာကြည့်မည်ဆိုပါက အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခစတင်ချိန်၌ အရှေ့အလယ်ပိုင်းဒေသအတွင်း လေကြောင်းခရီးစဉ်ပေါင်း ၃၀၀၀၀ ကျော်ကို ဖျက်သိမ်းခဲ့ရပြီး အဆိုပါလေယာဉ်ခရီးစဉ် ဖျက်သိမ်းရမှုများ၊ လေပိုင်နက်ပိတ်ဆို့ထားမှုများ (Air Space Closure) ကြောင့် ခရီးသွားတစ်သန်းကျော်၏ ခရီးစဉ်များအပေါ် တိုက်ရိုက်သက်ရောက်မှုများရှိခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။ ၎င်းလေယာဉ်ခရီးစဉ်များ ဖျက်သိမ်းရမှုသည် ခရီးသွားများ၏ သွားလာမှုပုံစံအလေ့အထ (Travel Phenomenon) ပျက်ယွင်းမှုသက်သာမဟုတ်၊ ခရီးသွားကဏ္ဍ၏ ဖြစ်တည်မှုပုံစံ (Tourism Phenomenon) အပေါ်တွင်ပါ ကြီးမားစွာသက်ရောက်မှုပေါ်ပေါက်စေပြီဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် အထက်တွင်ဖော်ပြပြီးဖြစ်သကဲ့သို့ ယခုဖြစ်စဉ်၏ ကြီးမားကျယ်ပြန့်မှုနှင့် ပထဝီဝင် အနေအထားသည် ကမ္ဘာတစ်ဝန်းလုံးအပေါ် သက်ရောက်နိုင်စွမ်းအား ရှိသောကြောင့် ဖြစ်ပါသည်။

မည်သို့ပင် ပြည့်ဖြိုးမြဲစွမ်းအင်ကို ဖန်တီးဆောင်ကြဉ်းသည်ဖြစ်စေ ကမ္ဘာကြီးသည် စွမ်းအင်ကို ရှပ်ကြွင်းလောင်စာများအပေါ်တွင် မှီခိုနေရဆဲဖြစ်သည်။ ကမ္ဘာ့ပေါ်တွင် ရေနှံနှင့် သဘာဝဓာတ်ငွေ့လောင်စာသည် အဓိကကျသော အရင်းအမြစ်တစ်ခုဖြစ်နေဆဲဖြစ်ပါသည်။ ကမ္ဘာ့နိုင်ငံအသီးသီးသည် ရေနှံနှင့်သဘာဝဓာတ်ငွေ့ကို စွမ်းအင်အရင်းအမြစ်တစ်ခုအဖြစ် လုပ်ငန်းကဏ္ဍအသီးသီး၌ တွင်ကျယ်စွာအသုံးပြုလျက်ရှိသည်။ အရှေ့အလယ်ပိုင်းဒေသသည် ကမ္ဘာ့ရေနံထုတ်လုပ်မှု၏ အဓိကဗဟိုချက်ဖြစ်သောကြောင့် ဒေသတွင်း စစ်ရေးတင်းမာမှုနှင့် လုံခြုံရေးပြဿနာများသည် ရေနံတင်ပို့မှုအခက်အခဲနှင့် ရေနံဈေးနှုန်း မြင့်တက်ခြင်းကို ဖြစ်ပေါ်စေပါသည်။ လောင်စာဆီအကျပ်အတည်းသည် ခရီးသွားလုပ်ငန်းကဏ္ဍအတွက် အရေးပါဆုံးသော လေကြောင်းပို့ဆောင်ရေး အပါအဝင် သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက်

“အရှေ့အလယ်ပိုင်းဒေသပဋိပက္ခများသည် ကမ္ဘာ့ခရီးသွားလုပ်ငန်းကို အချိန်တို အတွင်း ထိခိုက်စေနိုင်သော်လည်း အချိန်ကာလ အတိုင်းအတာတစ်ခုတွင် ခရီးသွား ဈေးကွက်ဖြစ်ပေါ်မှုကို သဘာဝအလျောက် အလိုက်သင့် ချိန်ညှိပြုပြင်သွားမည် ဟု ယူဆရသည်။ ထို့ကြောင့်လည်း ခရီးသွားလုပ်ငန်းသည် ပျောက်ကွယ်သွားခြင်း မဟုတ် နေရာရွှေ့ပြောင်းသွားခြင်းသာဖြစ်သည်။ ထို့ကြောင့် “Tourism does not disappear- it relocates” ဟု ဆိုခြင်းဖြစ်ပါသည်။ အရှေ့အလယ်ပိုင်းဒေသ ခရီးသွားလုပ်ငန်းသည် ယာယီအားဖြင့် ဘေးကင်းလုံခြုံသောခရီးစဉ်ဒေသများ (Safe Destination) ဆီသို့ ရွှေ့ပြောင်းသွားခြင်းသာ ဖြစ်သည်ဟု ဆိုရပေမည်။ တစ်နေရာတွင် အကျပ်အတည်း ဖြစ်နေသော်လည်း အခြားတစ်နေရာတွင် လူသားတို့အတွက် အခွင့်အလမ်းရှိနေမည်ဖြစ်”

တင်းမာမှုနှင့်လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများသည် သက်ဆိုင်ရာနိုင်ငံများကိုသာမက ကမ္ဘာ့နိုင်ငံအသီးသီးတို့တွင် ကဏ္ဍစုံတို့၌ ချမှတ်ထားပြီးသည့် ရေတိုရေရှည်စီမံကိန်းများကို ပြန်လည်သုံးသပ်၍ အစားထိုးအစီအစဉ်များ၊ ကာလတို ပြန်လည်ကုစားထူထောင်နိုင်မည့် အစီအမံများ (Replacement and Recovery Plan) ကို အရေးပေါ်ရေးဆွဲပြင်ဆင်လာရသည်။ ခရီးသွားလုပ်ငန်းကဏ္ဍတွင် လေ့လာကြည့်မည်ဆိုပါက အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခစတင်ချိန်၌ အရှေ့အလယ်ပိုင်းဒေသအတွင်း လေကြောင်းခရီးစဉ်ပေါင်း ၃၀၀၀၀ ကျော်ကို ဖျက်သိမ်းခဲ့ရပြီး အဆိုပါလေယာဉ်ခရီးစဉ် ဖျက်သိမ်းရမှုများ၊ လေပိုင်နက်ပိတ်ဆို့ထားမှုများ (Air Space Closure) ကြောင့် ခရီးသွားတစ်သန်းကျော်၏ ခရီးစဉ်များအပေါ် တိုက်ရိုက်သက်ရောက်မှုများရှိခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။ ၎င်းလေယာဉ်ခရီးစဉ်များ ဖျက်သိမ်းရမှုသည် ခရီးသွားများ၏ သွားလာမှုပုံစံအလေ့အထ (Travel Phenomenon) ပျက်ယွင်းမှုသက်သာမဟုတ်၊ ခရီးသွားကဏ္ဍ၏ ဖြစ်တည်မှုပုံစံ (Tourism Phenomenon) အပေါ်တွင်ပါ ကြီးမားစွာသက်ရောက်မှုပေါ်ပေါက်စေပြီဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် အထက်တွင်ဖော်ပြပြီးဖြစ်သကဲ့သို့ ယခုဖြစ်စဉ်၏ ကြီးမားကျယ်ပြန့်မှုနှင့် ပထဝီဝင် အနေအထားသည် ကမ္ဘာတစ်ဝန်းလုံးအပေါ် သက်ရောက်နိုင်စွမ်းအား ရှိသောကြောင့် ဖြစ်ပါသည်။

မည်သို့ပင် ပြည့်ဖြိုးမြဲစွမ်းအင်ကို ဖန်တီးဆောင်ကြဉ်းသည်ဖြစ်စေ ကမ္ဘာကြီးသည် စွမ်းအင်ကို ရှပ်ကြွင်းလောင်စာများအပေါ်တွင် မှီခိုနေရဆဲဖြစ်သည်။ ကမ္ဘာ့ပေါ်တွင် ရေနှံနှင့် သဘာဝဓာတ်ငွေ့လောင်စာသည် အဓိကကျသော အရင်းအမြစ်တစ်ခုဖြစ်နေဆဲဖြစ်ပါသည်။ ကမ္ဘာ့နိုင်ငံအသီးသီးသည် ရေနှံနှင့်သဘာဝဓာတ်ငွေ့ကို စွမ်းအင်အရင်းအမြစ်တစ်ခုအဖြစ် လုပ်ငန်းကဏ္ဍအသီးသီး၌ တွင်ကျယ်စွာအသုံးပြုလျက်ရှိသည်။ အရှေ့အလယ်ပိုင်းဒေသသည် ကမ္ဘာ့ရေနံထုတ်လုပ်မှု၏ အဓိကဗဟိုချက်ဖြစ်သောကြောင့် ဒေသတွင်း စစ်ရေးတင်းမာမှုနှင့် လုံခြုံရေးပြဿနာများသည် ရေနံတင်ပို့မှုအခက်အခဲနှင့် ရေနံဈေးနှုန်း မြင့်တက်ခြင်းကို ဖြစ်ပေါ်စေပါသည်။ လောင်စာဆီအကျပ်အတည်းသည် ခရီးသွားလုပ်ငန်းကဏ္ဍအတွက် အရေးပါဆုံးသော လေကြောင်းပို့ဆောင်ရေး အပါအဝင် သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် ကြောင်းကို ခရီးသွားလုပ်ငန်းကဏ္ဍအတွင်း ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေးဆောင်ရွက်နိုင်ရန် အရေးကြီးကြောင်း ပေါ်လွင်စေပါသည်။ ဤနေရာ၌ ခရီးစဉ်ဈေးနှုန်းများလျော့ချပေးခြင်း၊ ဝန်ဆောင်မှုအရည်အသွေးကောင်းမွန်စေရန် ဆောင်ရွက်ထားခြင်းအပြင် လုံခြုံစိတ်ချရသော ခရီးစဉ်ဒေသအဖြစ် ပုံဖော်ခြင်းသည် ပဋိပက္ခအလွန်ကာလခရီးသွား (Post Conflict Travellers) များအတွက် ပိုမိုကိုက်ညီမှုရှိသော ခရီးသွားမြို့တင်ရေးပုံစံကို အလေးပေးဆောင်ရွက်သင့်ကြောင်းတင်ပြလိုရင်း ဖြစ်ပါသည်။

ယင်းလုပ်ငန်းစဉ်အောက်တွင် သတင်းအချက်အလက်များအချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေခြင်း၊ ကူညီကယ်ဆယ်ရေးဆိုင်ရာ သတင်းအချက်အလက်များကို လွယ်ကူစွာရရှိနိုင်စေရန် ဆောင်ရွက်ပေးခြင်း၊ ပြန်လည်ထူထောင်မည့် ခရီးစဉ်ဒေသများသို့ ဂုဏ်သတင်းကျော်ကြားသူများ၊ အကြီးအကဲများကိုယ်တိုင်သွားရောက်လည်ပတ်၍ သတင်းထုတ်ပြန်ခြင်း၊ ခရီးသွားအာမခံများ ရောင်းချပေးခြင်း၊ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်မှုကောင်းမွန်စေရန် ဆောင်ရွက်ပေးခြင်းတို့သည် ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များဖြစ်ပါသည်။ ဒေသတွင်းနှင့် နိုင်ငံတကာခရီးသွားပြွမ်းများတွင် ပါဝင်ပြသခြင်း၊ ခရီးသွားလှုံ့ဆော်မှုများ (Travel Campaign) ဆောင်ရွက်ခြင်းတို့သည်လည်း ထိရောက်သော လုပ်ဆောင်မှုများ ဖြစ်ပါသည်။

ယခု အရှေ့အလယ်ပိုင်းပဋိပက္ခသည် ၎င်းတို့၏ ဒေသတွင်းသာမက လွတ်ကင်းသော ဒေသများတွင် လောင်စာဆီရှားပါးမှုပြဿနာကြောင့် စီးပွားရေးအကျပ်အတည်းအသွင်ဆောင်ကာ ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေလျက်ရှိပါသည်။ ထို့ကြောင့် ကမ္ဘာလုံးဆိုင်ရာ ခရီးသွားလုပ်ငန်းကို လေ့လာဆန်းစစ်ကြည့်ပါက အရှေ့အလယ်ပိုင်းဒေသ၏ ခရီးသွားလုပ်ငန်းအပေါ် ထိခိုက်မှုပုံစံနှင့်အခြားသောဒေသများ (အထူးသဖြင့် အာရှနှင့် ပစိဖိတ်ဒေသ)၏ ခရီးသွားလုပ်ငန်းအပေါ် ထိခိုက်မှုပုံစံတို့သည် ကွဲပြားခြားနားသော အနေအထားဖြင့် ဖြစ်ပေါ်လျက်ရှိသည်ဖြစ်ရာ ကိုင်တွယ်



ကို ထိခိုက်လာစေပါသည်။

ပိုမိုကိုက်ညီမှုရှိသော ခရီးသွားမြို့တင်ရေးပုံစံကို အလေးပေးဆောင်ရွက်

ကိုဗစ်-၁၉ ကာလကဲ့သို့ပင် စစ်ရေးပဋိပက္ခကာလများအတွင်း ခရီးသွားများ၏ ခရီးသွားလာမှုပုံစံ (Travel Pattern) သည်လည်း ပြောင်းလဲလာမည်ကို ကြိုတင်မျှော်မှန်းထားကြရမည် ဖြစ်ပါသည်။ ပဋိပက္ခအလွန်ကာလ ကောက်ခံလေ့ရှိသော စစ်တမ်း (Post Conflict Surveys) များအရ ခရီးသွားများ၏ ၆၀ ရာခိုင်နှုန်းကျော်သည် လုံခြုံစိတ်ချရသော ခရီးစဉ်ဒေသများ (Safe and Secure Destination) သို့သာ သွားရောက်လည်ပတ်လိုသည်ကို တွေ့ရှိရပါသည်။ ယင်းအချက်အပေါ် အခြေခံ၍ အရေးပေါ်ကာလများအပြီး ခရီးသွားလုပ်ငန်း ပြန်လည်ထူထောင်ရေးစီမံကိန်း (Recovery Plan) များ ရေးဆွဲခြင်း၊ ခရီးသွားမြို့တင်ရေးအစီအမံများ (Tourism Promotion Plan) ဆောင်ရွက်ခြင်းပြုလုပ်ရာ၌ မိမိ၏ခရီးစဉ်ဒေသသည် လုံခြုံစိတ်ချရသော ခရီးစဉ်ဒေသဖြစ်စီမံရမည်ပုံစံနှင့် ပြန်လည်ထူထောင်ရမည့်ပုံစံတို့သည် ကွဲပြားခြားနားမည်ကို ဂရုပြုသင့်လှသည်။ အခြားဒေသများ၌ ခရီးသွားလုပ်ငန်း ပြန်လည်ဖွံ့ဖြိုးလာစေရန် ဆောင်ရွက်ရမည့်ပုံစံသည် ပဋိပက္ခအခြေခံသော ပုံစံမျိုးမဟုတ်ဘဲ စွမ်းအင်လောင်စာနှင့် စီးပွားရေးအကျပ်အတည်း ပြေလျော့မှုအပေါ် အခြေခံမည်ဖြစ်ပါသည်။ ဤနေရာတွင် သတင်းအချက်အလက်ထက် လောင်စာနှင့် စွမ်းအင်ရရှိမှု (Energy Availability) အပေါ်မူတည်၍ ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ လက်ရှိတွင်လည်း မြန်မာနိုင်ငံရှိ ထင်ရှားသော ခရီးစဉ်ဒေသများတွင် ခရီးသွားလာရောက်မှုကို လျော့ကျမသွားစေရေးအတွက် စက်သုံးဆီရရှိနိုင်မည့်နေရာများကို ခရီးသွားလှုပ်ရှားကွန်ရက်စာမျက်နှာများတွင် စဉ်ဆက်မပြတ် ဖော်ပြပေးလျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ ယင်းသည် ခရီးသွားမကျဆင်းသွားစေရေးအတွက် Energy Availability ကို ဆောင်ရွက်ပေးနေခြင်း ဖြစ်ပါသည်။

စာမျက်နှာ ၇ သို့

တတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပ၊ ကော်မတီ (၃)ရပ် ဖွဲ့စည်းရေး လွှတ်တော်သို့တင်ပြ

မြစ်ကြီးနား မတ် ၃၁

တတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ကချင်ပြည်နယ်မြစ်ကြီးနားမြို့ မနှံခိန်ရုပ်ကွက်အတွင်းရှိ ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၁၀ နာရီက ကျင်းပပြီး လွှတ်တော်ကော်မတီ (၃) ရပ်ကို ဖွဲ့စည်းရေးလွှတ်တော်သို့ တင်ပြခဲ့ကြသည်။

ဦးစွာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးရုံးဝမ်ဂျုံးက တတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ကို ရယူကြသည်။

ဆက်လက်၍ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပြည်ထောင်စုလွှတ်တော်နာယကထံ ပေးပို့လာသော ဝမ်းမြောက်ဂုဏ်ယူကြောင်း သဝဏ်လွှာအား ဖတ်ကြားတင်ပြပြီး ပြည်နယ်လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာကာ ဥပဒေကြမ်းကော်မတီဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌက ဥပဒေကြမ်းကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဥပဒေကြမ်းကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့၏ အမည်စာရင်းများကို လွှတ်တော်သို့တင်ပြပြီး အကြံပြုဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာကော်မတီဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌက တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့၏ အမည်စာရင်းများကိုတင်ပြပြီး အဆိုပါကော်မတီများအား အစည်းအဝေး တတိယနေ့တွင် အတည်ပြုရန် လျာထားကြောင်းနှင့် အကြံပြုဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာကာ တတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ရပ်နားလိုက်ကြောင်း သိရသည်။

ပြည်နယ် (ပြန်/ဆက်)

စာမျက်နှာ ၆ မှ

ခရီးသွားများဘက်သို့ လှေလာကြည့်မည်ဆိုပါက စုပေါင်းခရီးသွားခြင်း (Mass Tourism) သည် လျော့ကျသွားဖွယ်ရှိပြီး လူဦးရေအနည်းငယ်သာ ပါဝင်သည့် Package Tour များသာ သွားရောက်ရန် ခန့်မှန်းထားကြသည်။ အိမ်နီးချင်းနိုင်ငံများနှင့် ခရီးတို (Short Haul Travel)များကို ပိုမိုသွားရောက်လည်ပတ်ရန် အခွင့်အလမ်းများတိုးလာမည်ဟု ခန့်မှန်းရသည်။ သို့ဖြစ်ရာ ဒေသတွင်းခရီးသွားလုပ်ငန်း Intra ASEAN ကဲ့သို့သော ဒေသတွင်းခရီးသွားလုပ်ငန်း (Regional Tourism) ဖွံ့ဖြိုးလာနိုင်ပါသည်။

အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခများသည် ကမ္ဘာ့ခရီးသွားလုပ်ငန်းကို အချိန်တိုအတွင်း ထိခိုက်စေနိုင်သော်လည်း အချိန်ကာလ အတိုင်း အတာတစ်ခုတွင် ခရီးသွားဈေးကွက် ဖြစ်ပေါ်မှုကို သဘာဝအလျောက် အလိုက်သင့် ချိန်ညှိပြုပြင်သွားမည်ဟု ယူဆရသည်။ ထို့ကြောင့်လည်း ခရီးသွားလုပ်ငန်းသည် ပျောက်ကွယ်သွားခြင်းမဟုတ် နေရာရွှေ့ပြောင်းသွားခြင်းသာဖြစ်သည်။ ထို့ကြောင့် "Tourism does not disappear– it relocates" ဟု ဆိုခြင်းဖြစ်ပါသည်။ အရှေ့အလယ်ပိုင်းဒေသ ခရီးသွားလုပ်ငန်းသည် ယာယီအားဖြင့် ဘေးကင်းလုံခြုံသော ခရီးစဉ်ဒေသများ (Safe Destination) ဆီသို့ ရွှေ့ပြောင်းသွားခြင်းသာ ဖြစ်သည်ဟု ဆိုရပေမည်။ တစ်နေရာတွင် အကျပ်အတည်းဖြစ်နေသော်လည်း အခြားတစ်နေရာတွင် လူသားတို့အတွက် အခွင့်အလမ်းရှိနေမည် ဖြစ်ပါသည်။ အနာဂတ်တွင်လည်း ခရီးသွားလုပ်ငန်း၏ တည်ငြိမ်မှုနှင့် ကြံ့ကြံ့ခံနိုင်မှုကို ထိန်းသိမ်းရန် လုံခြုံရေးနှင့် စီမံခန့်ခွဲမှုများသည် အရေးပါသော အခန်းကဏ္ဍတွင် ဆက်လက်ပါဝင်နေမည်သာဖြစ်ပါသည်။

PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ် တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG, CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှု လုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code "1111" ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

တတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကျင်းပ

စစ်တွေ မတ် ၃၁

တတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီက ရခိုင်ပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ရခိုင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာစန်းရွှေက တတိယအကြိမ် ရခိုင်ပြည်နယ် လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။ ယင်းနောက် တတိယအကြိမ် ရခိုင်ပြည်နယ် လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့သို့ မတက်ရောက်နိုင်သော ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားကာ ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူသည်။

ထို့နောက် ရခိုင်ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာထင်လင်းဦးက ဖွဲ့စည်းရန် လျာထားသည့် ဥပဒေပြုရေးကော်မတီတွင် အမ်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၂) မှ ဦးမြသန်းအား ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ အတွင်းရေးအမှူးအဖြစ် ရဖီးဗြဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) မှ ဒေါ်ခိုင်ဇင်ဦးနှင့် ကော်မတီဝင် ခုနစ်ဦးတို့အား လည်းကောင်း၊ အတွင်းရေးအမှူးအဖြစ် ရဖီးဗြဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) မှ ဒေါ်ခိုင်ဇင်ဦးနှင့် ကော်မတီဝင် ခုနစ်ဦးတို့အား လည်းကောင်း၊ တိုင်းရင်းသားလူမျိုးများ အရေးလေ့လာရေးကော်မတီတွင် ကျောက်ဖြူမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးအောင်စောသိန်းအား ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ အတွင်းရေးအမှူးအဖြစ် ပေါက်တောမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးသာထွန်းနှင့် ကော်မတီဝင် ခုနစ်ဦးတို့အား လည်းကောင်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စီစစ်ရေးကော်မတီတွင် တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကျော်ဇေယျအား ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ အတွင်းရေးအမှူးအဖြစ် မင်းပြားမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) မှ ဦးစောသိန်းထွန်းနှင့် ကော်မတီဝင် ငါးဦးတို့အား လည်းကောင်း၊ ဖွဲ့စည်းတာဝန်ပေးအပ်ရန် လျာထားသည့်အတိုင်း ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူသည်။

ထို့နောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဥပဒေပြုရေးကော်မတီ၊ တိုင်းရင်းသားလူမျိုးများ အရေးလေ့လာရေးကော်မတီနှင့် ပြည်နယ်လွှတ်တော်

ကိုယ်စားလှယ်များစီစစ်ရေးကော်မတီများ၏ ဖွဲ့စည်းတာဝန်ပေးအပ်မည့် အမည်စာရင်းအား အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ ရခိုင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ရပ်နားကြောင်းနှင့် ပဉ္စမနေ့အစည်းအဝေးကျင်းပမည့် နေ့ရက်ကို လွှတ်တော်ကိုယ်စားလှယ်များထံ အချိန်မီအကြောင်းကြားသွားမည်ဖြစ်ကြောင်း သိရသည်။

ဟန်ဝင်းအောင်၊ တင်ထွန်း (ပြန်/ဆက်)

တောင်ကြီးမြို့၌ ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်

တောင်ကြီး မတ် ၃၁

ရှမ်းပြည်နယ် တောင်ကြီးမြို့၌ ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကို မိရိုးဖလာရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီသည့် သင်္ကြန်ပွဲတော်ဖြစ်စေရေးနှင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် သက်ဆိုင်ရာ ပြည်နယ်/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများက ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီများဖွဲ့စည်း၍ စနစ်တကျပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက် ရှိကြကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် တောင်ကြီးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကျင်းပရန် ဗဟိုမဏ္ဍပ်အား အလျား ၁၀၄ ပေ၊ အနံ ၄၀ ဖြင့် လည်းကောင်း၊ အခြားရေကစားမဏ္ဍပ် ရှစ်ခုတို့အား အလျား ၅၀ ပေ၊ အနံ ၃၀ ဖြင့် လည်းကောင်း စုစုပေါင်းမဏ္ဍပ် ကိုးခုဖြင့် ဗိုလ်ချုပ်အောင်ဆန်း လမ်းမကြီး တစ်လျှောက်တွင် ထည့်သွင်း ဆောင်ရွက်သွားမည် ဖြစ်ပြီး စက်သုံးဆီ ချွေတာခြင်းအားဖြင့် လမ်းလျှောက်သင်္ကြန်ကိုလည်း တောင်ကြီးမြို့ သပြေလမ်းထိပ်မှ မဲခေါင်ရိပ်သာအထိ ပေ ၁၆၀၀ ခန့်ဖြင့် လည်းကောင်း၊ Ocean Center မှ Jasmine Hotel အထိ ပေ ၇၅၀ ခန့်ဖြင့်လည်းကောင်း တိုင်းရင်းသား မိဘပြည်သူများ အားလုံး ပါဝင်ဆောင်ရွက်နိုင်ရေး စည်ကားသိုက်မြိုက်စွာ ကျင်းပ နိုင်ရန် စီစဉ်ဆောင်ရွက်လျက် ရှိကြကြောင်း သိရသည်။

ထို့ပြင် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်အား နှစ်စဉ်နှစ်တိုင်းထက် ပိုမိုထူးခြားလေးနက်စွာ ကျင်းပသွားနိုင်ရန် စတုဒိသာ ကျေးမွေးမည့် အစီအစဉ်များအပြင် မြန်မာ့ရိုးရာ သနပ်ခါးသင်္ကြန်ကမ်ပိန်း၊ လက်ဖက်ကမ်ပိန်း၊ မြန်မာ့ရိုးရာ ထမနဲကမ်ပိန်းစသည့် ထူးထူးခြားခြား အစီအစဉ်များကို ထည့်သွင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

တောင်ကြီးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်တွင် ယိမ်းအကအလှပြိုင်ပွဲများအား တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာများမှပါဝင်မည့် ယိမ်းအကပြိုင်ပွဲဝင်များနှင့် ဖျော်ဖြေရေးယိမ်းအကအဖွဲ့များ၊ နိုင်ငံကျော် အဆိုတော်များ၊ ဒေသခံ ခေတ်ပေါ်တေးဂီတ အဆိုတော်များဖြင့် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကာ ဒေသခံတိုင်းရင်းသားပြည်သူများ နှစ်သစ်တွင် သောအင်္ဂနာယ် ကင်းရှင်းပြီး စိတ်အေးချမ်းသာယာရေးအတွက် သင်္ကြန်အကြိုနေ့မှစ၍ နှစ်ဆန်း (၃) ရက်နေ့အထိ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း၊ နှစ်ဆန်း (၁)ရက်နေ့တွင် ဇီဝိတဒါနငါးလွတ်ပွဲများ၊ သက်ကြီးပူဇော်ပွဲများ၊ အန္တရာယ်ကင်း ပရိတ်တရားတော်ရွတ်ဖတ် ပူဇော်ပွဲများကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ထက်ဝေ(ပြန်/ဆက်)**

၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို တောင်ကြီးမြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့မှုကို တွေ့ရစဉ်။

၂၀၂၆ ခုနှစ် ဧပြီလ ပထမ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင် မြောက်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်သည်။

မိုးအခြေအနေနှင့် မိုးရွာရက်

မိုးရွာသွန်းမှုအခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်း ရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ၃ ရက်မှ ၆ ရက်ခန့်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၁ ရက်မှ ၂ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

နေ့အပူချိန်

တနင်္သာရီတိုင်းဒေသကြီးတွင် ဧပြီလပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်နှင့်အထက် ပိုနိုင်ပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဧပြီလပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် နှစ်ပေမှ လေးပေခန့်၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့နှင့် ချောက်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ပေမှ နှစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္ဓီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့နှင့် ကလေးဝမြို့တို့တွင် တစ်ပေမှ နှစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်ခန့်စီ လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ဒုဋ္ဌဝတီမြစ်ရေသည် ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် နှစ်ပေခန့်စီ၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် တစ်ပေခန့်နှင့် မဒေါက်မြို့တွင် သုံးလက်မခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ပေဝက်မှ တစ်ပေခွဲခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် နှစ်ပေခွဲခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ပေဝက်ခန့်၊ ဝေန်ဖြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်မှ တစ်ပေခွဲခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ပေခွဲခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် တစ်ပေခွဲခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး မြစ်သာမြစ်ရေသည် ကလေးမြို့တွင် သုံးလက်မခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် သုံးလက်မခန့်နှင့် ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် သုံးလက်မခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မိုး/ဇလ

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့်တွေ့ဆုံ

စစ်တွေ မတ် ၃၁

ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် တွေ့ဆုံပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်တို့က နှုတ်ခွန်းဆက်အမှာစကားပြောကြားကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ဌာနဆိုင်ရာများနှင့် အတူတကွလက်တွဲ၍ ရခိုင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးလုပ်ငန်းများ အောင်မြင်စေရေးတို့ကို ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်မှုများကိုလည်း ဥပဒေနှင့်အညီ ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်း၊ ပေါင်းစပ်ညှိနှိုင်းပေးခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဒေသတည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသခံပြည်သူများ စိုးရိမ်မှုမရှိစေရေး လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းပြီး အကောင်းဆုံးကြိုးစား စိမ်ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများအနေဖြင့် မိမိတို့၏ ခေါင်းဆောင်မှုအရည်အသွေးများနှင့်အညီ ပူးပေါင်းဆောင်ရွက်ပေးခဲ့မှုအပေါ် ကျေးဇူးတင်ကြောင်း ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများသည် အဆိုပါအစည်းအဝေးခန်းမ၌ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့်တွေ့ဆုံပွဲသို့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီးများက အမှာစကားပြောကြားကြပြီး ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်၏ အမျိုးသားရေးမျှော်မှန်းချက်နှင့် နိုင်ငံရေးမျှော်မှန်းချက်များ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများအတွက် ဂုဏ်ပြုအမှတ်တရလက်ဆောင်များ ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ စက်မှုလယ်ယာဦးစီးဌာနသို့ သွားရောက်၍ လယ်ယာသုံးစက်ကိရိယာများ ရောက်ရှိနေမှု လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

တင်ထွန်း
(ပြန်/ဆက်)

ဒုတိယဝန်ကြီး ဦးသိုက်စိုး နေပြည်တော်ကောင်စီနယ်မြေအတွင်း သမဝါယမစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၃၁

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးသည် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ထားရှိမှု ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးသည် အဖွဲ့ဝင်များနှင့်အတူ နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ရုံးတောကျေးရွာရှိ ရွှေဝါထွန်း(၂) စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းနှင့် ဆုလာဘ်ကုမ္ပဏီတို့ အကျိုးတူပူးပေါင်း၍ ဆင်းရဲတန်ခူး(၃)မြို့နယ် နှစ်နောက် ၁၈ ဧက စမ်းသပ်စိုက်ပျိုးထားမှုနှင့် လယ်မြေ ၂ ဧကပေါ်တွင် စိုက်ပျိုးထားသော (green shot 35)မျိုး ပန်းဂေါ်ဖိစိမ်း၊ (Royal 900)မျိုး ပန်းဂေါ်ဖိဖြူနှင့် (New 588)မျိုး ဂေါ်ဖိထုတ်စိုက်ပျိုးထားရှိမှုများကိုလည်းကောင်း၊ ရွှေဝါထွန်း(၂) စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်း ပိုင်မြေ ၂၄ ဧက ပေါ်တွင် မျိုးဇမ္ဗူသမဝါယမအသင်း၏ မဟာနွယ်မွေးမြူရေး လုပ်ငန်းစုက ခေတ်မီနည်းပညာသုံး Pullet House နှစ်ရုံနှင့် Layer House ခြောက်ရုံ ပါဝင်သည့် အကြီးစားစီးပွားဖြစ် ဥစ္စာကြက်မွေးမြူရေးခြံများ၏ အဆင့်လိုက် ကြက်ခြံ တည်ဆောက်နေမှုကို လည်းကောင်း လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများအား လက်ရှိမွေးမြူထားသော ကြက်သားပေါက်များကို သတ်မှတ်စံနှုန်းအတိုင်း နေရာအကျယ်အဝန်း ဖြစ်စေရေး၊ ကျန်းမာကြံ့ခိုင်စေရေး၊ ဆုံးရှုံးမှုမရှိစေရေးနှင့် သန့်ရှင်းရေးကို အထူးအလေးထား ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ပျဉ်းမနားမြို့နယ် သူဌေးကုန်းကျေးရွာရှိ ပျဉ်းမနားမြို့နယ်သမဝါယမအသင်းစုပိုင် ဘက်စုံခြံ၌ ရှုရှားနေကြာမျိုးများ ဖြစ်သော မာဟ်ဟွန်း (Makhaon)၊ ဗော်လ်ကန် (Vulkan)၊ အစ်ပိုလစ် (Ippolit) များ ရိတ်သိမ်းပြီးစီးမှု အခြေအနေနှင့် အသားတိုးနွားမွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေမှုများကိုကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ရှုရှားနေကြာမျိုးများ အနက် မာဟ်ဟွန်း (Makhaon) ရှုရှားနေကြာမျိုးသည် စပြုစမ်းသပ်စိုက်ကွက်အနေဖြင့် တစ်ဧကလျှင် ၆၅ တင်း ထွက်ရှိခဲ့ပြီး ကျန်သုံးဧကသည် ရာသီဥတု မကိုက်ညီခြင်း၊ စိုက်ပျိုးချိန် နောက်ကျခြင်း၊ မြေအမျိုးအစား မတူညီခြင်း၊ မှိုရောဂါ ကျရောက်ခြင်းတို့ကြောင့် သတ်မှတ်ထားသော အပင်အရေအတွက် ပြည့်မီခြင်းမရှိဘဲ တစ်ဧကလျှင် ၃၃ တင်းသာထွက်ရှိကြောင်း၊ ကျန်စိုက်ပျိုးထားရှိသော Makhaon တစ်ဧက၊ Vulkan နှင့် Ippolit မျိုးငါးဧကစီကို လာမည့်ဧပြီလ အတွင်း ဆွတ်ခူးရိတ်သိမ်းသွားမည်ဖြစ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ဝန်ထမ်းများနှင့် တွေ့ဆုံ၍ အားပေးစကား ပြောကြားကာ ဝန်ထမ်းတစ်ဦးချင်း၏ အခက်အခဲများအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ပျော်ဘွယ်မြို့နယ်အတွင်းရှိ သမဝါယမအသင်းသားများအား ဝါမျိုးစေ့အိတ်များ ထောက်ပံ့

ပျော်ဘွယ် မတ် ၃၁

အိန္ဒိယနိုင်ငံ၏ အကူအညီဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် မြန်ဆန်စွာ အကျိုးဖြစ်ထွန်းစေသော စီမံချက် (Quick Impact Project – QIP) စီမံကိန်းအရ ပျော်ဘွယ်မြို့နယ်အတွင်းရှိ သမဝါယမအသင်းကိုးသင်းအတွက် RAKA – 666 အိတ် ၄၀၀ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ယမန်နေ့က ပျော်ဘွယ်မြို့နယ် သမဝါယမဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေး ကြီးကြပ်အဖွဲ့ဝင်များဖြစ်သော မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့မှ မြို့နယ်ဦးစီးမှူးများ၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ သမဝါယမအသင်း ကိုးသင်းမှ အသင်းသားတောင်သူများ တက်ရောက်ခဲ့ပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိက စီမံကိန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ ဝါမျိုးစေ့အိတ်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဘုန်းမြတ်**

လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ၏အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေ လုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့်အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများနှင့်လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သောအဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

စက်သုံးဆီခွဲတာရေးနှင့် အနာဂတ်မြို့ပြပုံရိပ်ကို ဖော်ဆောင်ပေးမည့် သုံးဘီးယာဉ်ငယ်များ

သတင်းဆောင်းပါး-နဒီမင်း၊ ကိုလင်းဓာတ်ပုံ-ကိုလှိုင်

မတ်လ၏ ပူပြင်းသောနေရောင်အောက်တွင် အရှေ့၊ အနောက်၊ ဘေးဘယ်ညာ ခက်ဖြာသွယ်တန်းထားသောလမ်းမများထက် ပေါ့ပါးလျင်မြန်စွာ လှုပ်ရှားသွားလာနေသော သုံးဘီးယာဉ်ငယ်လေးများ။

ထိုမြင်ကွင်းကား မြန်မာ-ကိုရီးယားချစ်ကြည်ရေး (ဒလ)တံတားကြီးအဆင်း ဒလမြို့အတွင်း စတင်ခြေချလိုက်သည်နှင့် ဆီးကြိုနေသောမြင်ကွင်းပင်ဖြစ်သည်။

မြန်မာ-ကိုရီးယားချစ်ကြည်ရေးတံတားသစ်ကြီးဖွင့်လှစ်ပြီးနောက် မြို့ပြသယ်ယူပို့ဆောင်ရေး ယာဉ်လိုင်းများ ပြေးဆွဲလာခြင်းနှင့်အတူ ခေတ်မီစီးပွားရေးမြို့တော် ရန်ကုန်မြို့သို့ တိုက်ရိုက်နေ့ချင်း ပေါက် ခရီးရောက်နေပြီဖြစ်သည့် ဒလမြို့နှင့် ဆက်စပ်ဒေသများသည် မကြာမီအချိန်ကာလတွင် အရှိန်အဟုန်ဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်လာမည့် အရိပ်အယောင်များ အထင်အရှား မြင်တွေ့နေရပြီဖြစ်သည်။

ထိုသို့ သွားလာရေး အဆင်ပြေချောမွေ့လာမှုနှင့်အတူ ဒလမြို့နယ်နှင့် အနီးအနားရှိ မြို့နယ်၊ ကျေးရွာများမှ ခရီးသွားများအတွက် သုံးဘီးယာဉ်ငယ်လေးများမှာ မရှိမဖြစ်အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လာသည့်အတွက် ယာဉ်မောင်းများ အနေဖြင့် ခရီးသည်ပြတ်လပ်မှုမရှိဘဲ ဝင်ငွေတိုးကာ စားဝတ်နေရေး အဆင်ပြေချောမွေ့လျက်ရှိသည်ကို တွေ့ရသည်။

ခရီးသည်များ၏ လိုရာခရီးကိုပို့ဆောင်ပြီး မိသားစုစားဝတ်နေရေး နေ့စဉ်ရုန်းကန်လှုပ်ရှားစီးပွားရှာနေသူအတွက် လူစီးသုံးဘီးယာဉ်ငယ်လေးက “မိသားစုရဲ့ထမင်းအိုးပဲ”ဟု တွံတေးမြို့နယ် ကံဘဲ့ကျေးရွာမှ သုံးဘီးယာဉ်မောင်း ဦးအောင်သူက ပြောသည်။

အဆိုပါ စက်တပ်သုံးဘီးယာဉ်ငယ်လေးများက ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် အာရှတိုက်ရှိ နိုင်ငံအများစုတွင် တွင်ကျယ်စွာ အသုံးပြုလျက်ရှိသည်။ အထူးသဖြင့် မြန်မာ၊ ထိုင်း၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာ၊ ဖိလစ်ပိုင်၊ ကမ္ဘောဒီးယား၊ လာအိုကဲ့သို့ အာရှနိုင်ငံများ၊ နိုင်ဂျီးရီးယား၊ အီသီယိုးပီးယား၊ အီဂျစ်နိုင်ငံစသည့် အာဖရိကနိုင်ငံများ၊ ပီရူးနှင့် ဂွါတီမာလာတို့ကဲ့သို့ တောင်အမေရိကဒေသများ အပါအဝင် နိုင်ငံပေါင်း ၁၀၀ ခန့်တွင် လူစီးယာဉ်နှင့် သယ်ယူပို့ဆောင်ရေး စီးလုံးဒွားယာဉ်အဖြစ် တွင်တွင်ကျယ်ကျယ် အသုံးပြုလျက်ရှိသည်။

မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံဖြစ်သော အိန္ဒိယနိုင်ငံသည် သုံးဘီးမော်တော်ယာဉ်အသုံးပြုမှု အများဆုံးနှင့် အအောင်မြင်ဆုံးနိုင်ငံဖြစ်သည်။

မြန်မာနိုင်ငံတွင်လည်း Bajaj RE နှင့် TVS King ကဲ့သို့သောအင်ဂျင်တပ်သုံးဘီးယာဉ်များအပြင် ခရီးသွားဒေသများတွင်လည်း လျှပ်စစ်သုံးဘီးယာဉ် (E-Tuk Tuk) များက နေရာယူလာခဲ့သည်။

လတ်တလော ဖြစ်ပေါ်နေသည့် အရှေ့အလယ်ပိုင်း ပဋိပက္ခကြောင့် ကမ္ဘာတစ်ဝန်း လောင်စာဆီ အကျပ်အတည်းနှင့် ရင်ဆိုင်နေရချိန်တွင် လောင်စာဆီကို ပြည်ပမှ တင်သွင်းနေရသည့် မြန်မာနိုင်ငံသည်လည်း အဆိုပါရိုက်ခတ်မှုကို ရှောင်လွှဲမရဘဲ ခံစားနေရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် စက်သုံးဆီပြတ်လပ်မှုကို အတတ်နိုင်ဆုံး ထိန်းညှိနိုင်ရန် မူဝါဒများ ချမှတ်ကာ ယာဉ်အမျိုးအစားအလိုက် စက်သုံးဆီများအား ထိုက်သင့်သည့် ပမာဏအတိုင်း ခွဲတမ်းဖြင့် စနစ်တကျ ရောင်းချပေးလျက်ရှိပြီး သယ်ယူပို့ဆောင်ရေးယန္တရား ရပ်တန့်မသွားစေရေး အလေးပေး ဆောင်ရွက်နေခဲ့ကြလည်းဖြစ်သည်။

ယခုလိုအချိန်မျိုးတွင်ပင် အင်ဂျင်ပါဝါအားဖြင့် 200 CC သာရှိပြီး စက်သုံးဆီ တစ်လီတာလျှင် ၂၂ မိုင်ထိ မောင်းနှင်နိုင်သော သာမန်ယာဉ်များထက် ဆီစားနှုန်း သုံးဆနီးပါးသက်သာသည့် ထိုစက်တပ် သုံးဘီးယာဉ်ငယ်လေးများသည် လတ်တလော ကာလတွင် နိုင်ငံတော်၏ လောင်စာစွမ်းအင်သုံးစွဲမှု လျော့ချရေး မူဝါဒနှင့်လည်း ကိုက်ညီနေပြန်သည်။

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်တွင် ပြေးဆွဲနေသည့်သုံးဘီး ယာဉ်မောင်း ကိုစည်သူက “ဒီမှာက Bajaj ပဲ မောင်းကြတယ်၊ ဆီစားလည်း သက်သာတယ်၊ အခုက ကမ္ဘာ့အရေးကြောင့်မို့သာ နောက်မို့ဆို ခုချိန် သုံးသောင်းလောက် စီနေပြီ” ဟု နဖူးထက်မှကျလာသည့် ချွေးများကိုသုတ်ရင်း ပြောပြသည်။

စက်တပ်သုံးဘီး မော်တော်ယာဉ်ငယ်များကို ခရီးသည်များ ငှားစီးရာတွင် ဈေးနှုန်းချိုသာခြင်း၊ ခရီးသည် သုံးဦးမှ လေးဦးအထိ စီးနင်းနိုင်ခြင်း၊ ကားကြီးများဝင်ရခက်သည့် လမ်းသွယ်များထဲအထိ ပို့ဆောင်ပေးနိုင်ခြင်း၊ ယာဉ်ပိုင်ရှင်များအတွက် ဆီစားနှုန်းသက်သာခြင်းတို့အတွက် အသုံးပြုသူများ ပိုမိုများလာခဲ့သည်။

စက်တပ်နှင့် လျှပ်စစ်သုံးလူစီးသုံးဘီးယာဉ်များကို မူဆယ်၊ တာချီလိတ်၊ မြဝတီနယ်စပ် ကုန်သွယ်ရေးမြို့များနှင့် မန္တလေး၊ နေပြည်တော်၊ မော်လမြိုင်၊ ပုသိမ်၊ စစ်တွေ စသည့်မြို့ကြီးများ/ရန်ကုန်စည်ပင်နယ်နိမိတ်ပြင်ပရှိ နယ်မြို့လေးများတွင် အသုံးပြုကြသည်။ အထူးသဖြင့် မန္တလေးမြို့သည် သုံးဘီးယာဉ်အစည်းကားဆုံးမြို့ဟု ဆိုနိုင်သည်။ ထို့ပြင် ပုဂံ-ညောင်ဦး၊ ပြင်ဦးလွင်၊ တောင်ကြီး၊ အင်းလေးစသည့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရာဒေသများတွင်လည်း ခရီးသွားဧည့်သည်များ လည်ပတ်ရာတွင် အသုံးပြုလျက်ရှိသည်။

မြို့ပြတစ်ခုခု၏ ဖွံ့ဖြိုးတိုးတက်မှုကို တိုင်းတာရာတွင် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာခြင်းနှင့်အတူ မြို့ပြအင်ဂျင်ရပ်နှင့်လိုက်လျောညီထွေမှုရှိပြီး ခရီးသည်များ လုံခြုံစိတ်ချစေးကင်းစွာ စီးနင်းနိုင်မည့် သယ်ယူပို့ဆောင်ရေးယာဉ်များ၏ အခန်းကဏ္ဍသည် လွန်စွာမှ အရေးပါလှသည်။

အဆင့်မြင့် ခရီးသည်သယ်ယူပို့ဆောင်ရေး ဘတ်စ်ကား (YBS) ယာဉ်လိုင်းများပြေးဆွဲခြင်း မရှိသည့် YBS မရှိသည့်ဒေသများ၊ မြို့ပြဆင်ခြေဖုံး ဒေသများတွင် ယခင်က အနေးယာဉ်ဆိုက်ကားများကို အသုံးပြုကြသော်လည်း ခေတ်ကာလပြောင်းလဲလာခြင်းကြောင့် အနေးယာဉ်ဆိုက်ကားအသုံးပြုမှုနည်းပါးလာပြီး မြန်မာနိုင်ငံရှိ မြို့ကြီးအချို့၌ လမ်းကြားနှင့် ခရီးတို့ သယ်ယူပို့ဆောင်ရေးအတွက် ဘေးတွဲဆိုင်ကယ်များကို အားထားနေရသည်ကို တွေ့ရသည်။

အဆိုပါဘေးတွဲဆိုင်ကယ်များသည် ဖွဲ့စည်းတည်ဆောက်ပုံအရ သတ်မှတ်ချက် စံစနစ်များ မရှိဘဲ မူလဆိုင်ကယ်၏ဘေးတွင် သင့်တော်သလို ပြုပြင်တွဲဆက်ထားသည့် လက်လုပ်တွဲများ ဖြစ်သောကြောင့် လူစီးနင်းလိုက်ပါရန် လုံခြုံမှုနှင့် ကြံ့ခိုင်မှုအားနည်းသည်ဟု ဆိုနိုင်သည်။

နိုင်ငံတော်မှ ကုန်းလမ်းပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံများမှ နည်းပညာများရယူ၍ ကုန်စည်ပို့ဆောင်ရေးနှင့် ခရီးသည်ပို့ဆောင်ရေးကဏ္ဍကို အာဆီယံအဆင့်မီအောင် ဆောင်ရွက်သွားရန်နှင့် ကုန်းလမ်းပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုနှင့် အညီ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး(Road Safety) အတွက် သက်ဆိုင်သူအားလုံးနှင့် ပူးပေါင်းတိုးမြှင့်ဆောင်ရွက်ရေးနှင့် မော်တော်ယာဉ်ကြောင့် ဖြစ်ပေါ်သော သဘာဝပတ်ဝန်းကျင်ထိခိုက်မှုလျော့နည်းစေရေး အလေးထားဆောင်ရွက်လျက်ရှိသည်။

လူဦးရေထူထပ်သည့် ရန်ကုန်မြို့၏ ဆင်ခြေဖုံးရပ်ကွက်များနှင့် ရန်ကုန်စည်ပင်သာယာနယ်နိမိတ်ပြင်ပရှိ အခြေခံလူတန်းစားများ၏ လူမှုဘဝဖြင့်တင်ရေး၊ အများပြည်သူဘေးကင်းလုံခြုံရေးကို ရည်ရွယ်ကာ မြို့ပြအင်ဂျင်ရပ်နှင့် လျော်ညီသည့် ခရီးတိုခရီးသည်ပို့ဆောင်ရေးယာဉ် (သုံးဘီးယာဉ်)များကို တရားဝင်ပြေးဆွဲနိုင်ရေး ရန်ကုန်တိုင်းဒေသကြီး အစိုးရက ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ရန်ကုန်မြို့တွင်း (စည်ပင်နယ်နိမိတ်)၏ အဓိကလမ်းမများပေါ်၌ မောင်းနှင်ခွင့်ကန့်သတ်ကာ ဒလ၊ တွံတေး၊ တိုက်ကြီး၊ ထန်းတပင်၊ သန်လျင်၊ မှော်ဘီ၊ လှည်းကူး၊ ခရမ်းအစရှိသော မြို့နယ်များနှင့် မြို့သစ်နယ်မြေများ၊ ဆင်ခြေဖုံးမြို့နယ်အချို့တွင် စနစ်တကျမှတ်ပုံတင်ထားသော စက်တပ်လူစီးသုံးဘီးယာဉ်များကို စည်းကမ်းတကျ မောင်းနှင်ခွင့်ပြုထားသည်ဟု သိရသည်။

သို့ရာတွင် ရန်ကုန်မြို့၏ လူဦးရေထူထပ်သည့် မြို့နယ်များဖြစ်သည့် လှိုင်သာယာ၊ ရွှေပြည်သာ၊ ဒဂုံ(တောင်၊ မြောက်)၊ ဆိပ်ကမ်း၊ အရှေ့)နှင့် စက်မှုဇုန်များနှင့်နီးသောနေရာရှိ ဒေသခံများသည် ဘေးတွဲဆိုင်ကယ်များကိုသာ အသုံးပြုနေရဆဲဖြစ်သည်။

ဒဂုံဆိပ်ကမ်းတွင်နေထိုင်သူ ဦးမြက “ရန်ကုန်မြို့ရဲ့ လူနေထူထပ်တဲ့နေရာတွေ၊ စက်မှုဇုန်တွေနဲ့ ဆင်ခြေဖုံးရပ်ကွက်တွေမှာ ဘေးတွဲဆိုင်ကယ်တွေအစား သုံးဘီးယာဉ်တွေကို စနစ်တကျ ပြေးဆွဲခွင့်ပေးမယ်ဆိုရင် ပိုကောင်းတာပေါ့။ မလိုလားအပ်တဲ့ ပြဿနာတွေလည်း နည်းသွားနိုင်တယ်၊ စီးတဲ့သူတွေအတွက်လည်း သက်သောင့်သက်သာစီးနိုင်တယ်”ဟု ပြောသည်။

သုံးဘီးယာဉ်ငယ်များသည် လတ်တလော ဆီအကျပ်အတည်းအတွက်သာမက နောင်ရေရှည် မိသားစုစီးပွားရေးအတွက်ပါ အမှန်တကယ် အားကိုးထိုက်သည့် ယာဉ်ငယ်လေးများဖြစ်သည်။ အမှန်စင်စစ် ဤယာဉ်ငယ်များသည် ခေတ်မီမြို့ပြ အင်ဂျင်ရပ်နှင့် ညီညွတ်သဖြင့် ဘေးတွဲအင့်ဘးဆိုင်ကယ်များနေရာတွင် အစားထိုးနေရာယူလာနိုင်ရန် အလွန်ပင်လိုအပ်လှသည်။

သို့သော် နေ့စဉ်ဘေးတွဲမောင်းရင်း ရရှိသော ဝင်ငွေဖြင့် စားဝတ်နေရေးဖြေရှင်း ရုန်းကန်နေရသူများအတွက်မူကား ဘေးတွဲဆိုင်ကယ်မှ စက်တပ်သုံးဘီးယာဉ်သို့ ကူးပြောင်းရန်

စာမျက်နှာ ၁၁ သို့

“စက်တပ်လူစီးသုံးဘီးမော်တော်ယာဉ်ငယ်များ တိုးချဲ့ပြေးဆွဲပေးခြင်းက စက်သုံးဆီ ခြိုးခြံခွဲတာမှုနှင့်အတူ အခြေခံပြည်သူတို့၏ သယ်ယူပို့ဆောင်ရေးကို အထိရောက်ဆုံး အထောက်အကူပြုနိုင်မည်ဖြစ်ပြီး ယနေ့ခေတ် စီးပွားရေးအကျပ်အတည်းကြားတွင် ဒေသခံတို့အတွက် အားကိုးထိုက်သည့် “မိတ်ဆွေကောင်း”များ ဖြစ်ရုံသာမက နိုင်ငံတော်၏ သယ်ယူပို့ဆောင်ရေးကဏ္ဍသစ်ကို ပုံဖော်ပေးနေသည့် အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်သည့်အပြင် မြို့ပြ၏ ကောင်းမွန်လှပသောပုံရိပ်ကို ဖန်တီးပေးနိုင်မည်”

❖ *ကျောပုံးမှ*

ထိုသို့ အကြမ်းဖက်သမားများက အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့သဖြင့် တံတားလုံခြုံရေးဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အကြမ်းဖက်သောင်းကျန်းသူများအား ရွှဲရွှဲစွဲ၍ ပြန်လည်ခုခံတိုက်ခိုက်ခဲ့သော်လည်း အင်အားမမျှသည့် အတွက် မတ် ၁၂ ရက်တွင် အဆိုပါနေရာမှ စနစ်တကျဖြင့် ဂုဲညင်းဆိပ် နေရာသို့ ယာယီဆုတ်ခွာခဲ့ပြီး တပ်မတော်စစ်ကြောင်းများနှင့် ပူးပေါင်း၍ လိုအပ်သည့် ပြင်ဆင်ဖုဲ့ဖွဲ့မှုများ ဆောင်ရွက်ခဲ့သည်။

မော်တော်ယာဉ်များ ပုံမှန်အတိုင်း ပြန်လည်သွားလာနိုင်

ထို့နောက် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် တံတားနေရာတစ်ဝိုက်ကို ပြန်လည်ထိန်းချုပ်နိုင်ရေး လိုအပ်သည့် လုံခြုံရေးလုပ်ငန်းစဉ်များ အဆင့်ဆင့်ဆောင်ရွက်ခဲ့ရာ မတ် ၂၈ ရက်တွင် စီတောကျေးရွာအား လည်းကောင်း၊ မတ် ၂၉ ရက်တွင် ရေချိုချောင်းကျေးရွာအားလည်းကောင်း၊ ၃၀ ရက်တွင် ပွိုင့်-၁၆၈ တောင်ကုန်းနှင့် ချောင်းဝပြင်ကျေးရွာအားလည်းကောင်း အဆင့်ဆင့်ပြန်လည်ထိန်းချုပ်ခဲ့ပြီး ယနေ့တွင် ဝင်းဝရဲစခန်းဟောင်းနေရာနှင့် ဝင်းဝတံတားနေရာ တစ်ဝိုက်တို့ကို တပ်မတော်စစ်ကြောင်းများက အပြည့်အဝ ပြန်လည် သိမ်းပိုက် ထိန်းချုပ်နိုင်ခဲ့သဖြင့် ထားဝယ်-မြိတ်သွားကားလမ်းတွင် ခရီးသွားပြည်သူများနှင့် မော်တော်ယာဉ်များ ပုံမှန်အတိုင်း ပြန်လည် သွားလာနိုင်ပြီဖြစ်သည်။

ယခုကဲ့သို့ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ဝင်းဝတံတားကို တပ်မတော်စစ်ကြောင်းများက အပြည့်အဝပြန်လည် ထိန်းချုပ်ပြီး ထားဝယ်-မြိတ်သွား ဆက်သွယ်ရေးလမ်းကြောင်းအား ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် ဒေသတွင်း ကုန်စည်စီးဆင်းမှု

တပ်မတော်စစ်ကြောင်းများက ဝင်းဝတံတားနေရာတစ်ဝိုက်ကို ပြန်လည်ထိန်းချုပ်ပြီး ထားဝယ်-မြိတ် ဆက်သွယ်ရေးလမ်းကြောင်း ပြန်လည်ဖွင့်လှစ်စဉ်။

များ ပုံမှန်အတိုင်း ပြန်လည်ဆောင်ရွက်နိုင်တော့မည် ဖြစ်သည့်အတွက် ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် တပ်မတော်အပေါ် များစွာ ကျေးဇူးတင် ပျော်ရွှင်ဝမ်းမြောက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

တပ်မတော်စစ်ကြောင်းများက ဝင်းဝတံတားနေရာတစ်ဝိုက်ကို ပြန်လည်ထိန်းချုပ်ပြီး ထားဝယ်-မြိတ် ဆက်သွယ်ရေးလမ်းကြောင်း ပြန်လည်ဖွင့်လှစ်စဉ်။

အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းဆည်းရမိသည့် မိုင်းများနှင့် ဆက်စပ်ပစ္စည်းများအား တွေ့ရစဉ်။

ကျိုက်မရောမြို့နယ်၌ စက်သုံးဆီပြတ်လပ်မှုမရှိစေရေး ကွင်းဆင်းစစ်ဆေး

ကျိုက်မရော မတ် ၃၁

ကျိုက်မရော မြို့နယ်အတွင်းရှိ စက်သုံးဆီ အရောင်းဆိုင်များအား စက်သုံးဆီ ပြတ်လပ်မှုမရှိစေရေး၊ မှောင်ခိုစျေးကွက်မဖြစ်ပေါ်စေရေး နှင့် QR Code ဖြင့် စက်သုံးဆီ ရောင်းချမှု အခြေအနေများကို ယမန်နေ့ မွန်းလွဲပိုင်းတွင် မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေး ဆောင်ရွက်သည်။

အဆိုပါ ဆောင်ရွက်မှုကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးစွမ်းရည်ထက် ဦးဆောင်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင် သာယာရေးအဖွဲ့နှင့် မီးသတ် တပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့ များက ဘိန်းဗျောကျေးရွာအုပ်စု ရှိ Point. 2 စက်သုံးဆီဆိုင်နှင့် ရေတွင်းကုန်းရှိ Ever Top စက်သုံးဆီ အရောင်းဆိုင်များအား ကွင်းဆင်းစစ်ဆေးရာတွင် စက်သုံး ဆီများ ပြတ်လပ်မှုမရှိစေရန်၊ တရားမဝင် ရောင်းချမှုများ မဖြစ် ပေါ်စေရန်၊ ယာဉ်တစ်စီးလျှင် တစ်နေ့တစ်ကြိမ်သာ ရောင်းချရန်၊ သတ်မှတ်ရည်ညွှန်း စျေးနှုန်း အတိုင်း ရောင်းချရန်၊ မော်တော် ယာဉ်၊ မော်တော်ဆိုင်ကယ်များ အား QR Code စနစ်ဖြင့် စက်သုံးဆီ ရောင်းချမှုရှိစေရန်နှင့် စက်သုံးဆီ ဆိုင်များအား ပုံမှန်အတိုင်း ဖွင့်လှစ် ရောင်းချပေးရန်တို့ကို ကွင်းဆင်း စစ်ဆေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ချိုမြတ်မြတ်ထွေး (ပြန်/ဆက်)

စာမျက်နှာ ၁၀ မှ

အရင်းအနှီးအခက်အခဲ ရှိနေမည်ဖြစ်သည်။

"လိုင်စင်ဘီးပဲမောင်းချင်တာပေါ့၊ သုံးဘီးလေးတွေ တရားဝင်လည်း မောင်းခွင့်ရမယ်၊ အရစ်ကျနဲ့လည်း ဝယ်ရမယ်ဆို အဆင်ပြေတယ်၊ အခုက လိုင်စင်မရှိတော့ ရဲရဲလည်း မမောင်းရဲဘူး။ အခုကာလမှာ တရားဝင်ဘီးမဟုတ်တော့ ဆီလည်းမရဘူး၊ တစ်လီတာ ၁၂၀၀၀ နဲ့အပြင်က ဝယ်နေရတာ အဆင်မပြေဘူး"ဟု ဒဂုံမြို့သစ်တောင်ပိုင်းတွင် ဘေးတွဲဆိုင်ကယ်မောင်းနှင်နေသည့် ကိုအငယ်ကောင်က ပြောသည်။

သို့အတွက် ကနဦး အရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်ပြီဖြစ်သည့် ပြည်တွင်းထုတ် SKD စက်ရုံများ၏ ပံ့ပိုးကူညီမှုနှင့်အတူ ဒေသခံလူမှုရေးအသင်းအဖွဲ့များ၊ တာဝန်ရှိသူများက စနစ်တကျ တည့်မတ် ထိန်းကျောင်းပေးမည်ဆိုပါက ဘေးတွဲဆိုင်ကယ် မောင်းနှင်သူများအတွက် မြို့ပြနှင့်ကိုက်ညီသော သုံးဘီးယာဉ်ငယ်များ မောင်းနှင်ပြေးဆွဲနိုင်မည့် အခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်သည်။

ဤစက်တပ်သုံးဘီးယာဉ်များသည် စနစ်တကျ မှတ်ပုံတင်ထားသည့် တရားဝင်ယာဉ်များဖြစ်သဖြင့် နိုင်ငံတော်အတွက်လည်း နှစ်စဉ် ယာဉ်လိုင်စင်နှင့် အခွန်အာဆာများကို မှန်မှန်ကန်ကန် ရရှိစေမည်ဖြစ်ပြီး မောင်းနှင်သူ ယာဉ်မောင်းများအတွက်လည်း တရားဝင်လိုင်စင်ဖြင့် မောင်းနှင်ရသည့်အတွက် စိုးရိမ်စိတ်ကင်းရှင်းစွာဖြင့် မိသားစု စားဝတ်နေရေး ကို ရှာဖွေနိုင်မည်ဖြစ်သည်။

ထို့ပြင် ပြည်သူများ ကြုံတွေ့ရတတ်သည့် ဘေးတွဲဆိုင်ကယ်များကြောင့် ဖြစ်ပေါ်လာမည့် အန္တရာယ်၊ မှုခင်းဆိုင်ရာများသည်လည်း လျော့ပါး လာမည်ဖြစ်သည်။

သုံးဘီးယာဉ်များ စနစ်တကျ ပြေးဆွဲခွင့်ရရှိခြင်းသည် ယာဉ်စီးခရီးသည်၊ ယာဉ်မောင်းနှင့် နိုင်ငံတော်ဟူသည့် 'သုံးပွင့်ဆိုင်' အကျိုးကျေးဇူးကို ဖော်ဆောင်ပေးနေခြင်းပင်ဖြစ်သည်။

သို့ဖြစ်၍ စက်တပ်လူစီး သုံးဘီးမော်တော်ယာဉ်ငယ်များ တိုးချဲ့ပြေးဆွဲပေးခြင်းက စက်သုံးဆီ မြို့ခြံချွေတာမှုနှင့်အတူ အခြေခံပြည်သူတို့၏ သယ်ယူပို့ဆောင်ရေးကို အထိရောက်ဆုံး အထောက်အကူ ပြုနိုင်မည်ဖြစ်ပြီး ယနေ့ခေတ် စီးပွားရေး အကျပ်အတည်းကြားတွင် ဒေသခံတို့အတွက် အားကိုးထိုက်သည့် "မိတ်ဆွေကောင်း" များ ဖြစ်ရုံသာမက နိုင်ငံတော်၏ သယ်ယူပို့ဆောင်ရေးကဏ္ဍသစ်ကို ပုံဖော်ပေးနေသည့် အရေးပါသော အစိတ်အပိုင်း တစ်ခုဖြစ်သည့်အပြင် မြို့ပြ၏ ကောင်းမွန်လှပ သောပုံရိပ်ကို ဖန်တီးပေးနိုင်မည်ဟု ယူဆမိပါကြောင်း။ ။

❂ ❂ ❂

ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်(ရန်ကုန်) (၂၉) ကြိမ်မြောက်နှင့် အကြိမ်(၃၀)မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ

ရန်ကုန် မတ် ၃၁

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန ဆေးဘက်ဆိုင်ရာနည်းပညာ တက္ကသိုလ်(ရန်ကုန်) (၂၉) ကြိမ်မြောက်နှင့် အကြိမ်(၃၀)မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ဦးစွာ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာခင်စောဦးနှင့် ပညာရေးအဖွဲ့ဝင်များ၊ စိမ်ခန့်ခွဲရေးအဖွဲ့ဝင်များက သက်ဆိုင်ရာဝတ်ရုံများဝတ်ဆင်လျက် ဘွဲ့နှင်းသဘင်စင်မြင့်ပေါ်တွင် နေရာယူကြသည်။

ထို့နောက် ဆေးဘက်ဆိုင်ရာနည်းပညာ မဟာသိပ္ပံဘွဲ့၊ ဆေးဘက်ဆိုင်ရာ နည်းပညာဘွဲ့များ အတွက် ကောင်စွာအောင်မြင်ပေါက်မြောက်ခဲ့ပြီဟု ပညာရေးအဖွဲ့က ကြေညာခြင်းခံရသူများကို ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာခင်စောဦးက ဘွဲ့များအပ်နှင်းပေးအပ်သည်။

ယနေ့ကျင်းပသည့် (၂၉)ကြိမ်မြောက် ဘွဲ့နှင်း သဘင်အခမ်းအနားတွင် ဆေးဘက်ဆိုင်ရာနည်းပညာ

မဟာသိပ္ပံ(ဓာတ်ခွဲခန်းပညာ) သုံးဦး၊ ဆေးဘက်ဆိုင်ရာ နည်းပညာမဟာသိပ္ပံ(ခန္ဓာသန်စွမ်းမှုနည်းပညာ) နှစ်ဦး၊ ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့များဖြစ်ကြသည့် ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ ၃၁ ဦး၊ ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ ၂၈ ဦး၊ ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့် ပုံရိပ်ဖော်နည်းပညာ ၃၆ ဦး၊ ကျန်းမာရေး သတင်းအချက်အလက်နည်းပညာ ၁၂ ဦး၊ ဓာတ်ရောင်ခြည်ကုသမှုနည်းပညာ သုံးဦးဖြစ်ပြီး အကြိမ်(၃၀)မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ ၅၅ ဦး၊ ဆေးဘက်ဆိုင်ရာ ခန္ဓာသန်စွမ်းမှုနည်းပညာ ၄၇ ဦး၊ ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ ၃၉ ဦး၊ ကျန်းမာရေးသတင်းအချက်အလက်နည်းပညာ နှစ်

ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ်အတွင်းရှိ ပြည်သူ့စစ်(ငြာနေ)တပ်ဖွဲ့ဝင်များအား တွေ့ဆုံ

နေပြည်တော် မတ် ၃၁

ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ်အတွင်းရှိ ပြည်သူ့စစ်(ငြာနေ) တပ်ဖွဲ့ဝင်များအား တွေ့ဆုံပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်နိုင်ဦးနှင့် အဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ငြာနေ) တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် ပြည်သူ့စစ် (ငြာနေ)တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများအား ပေးအပ်ချီးမြှင့်ရာ ပြည်သူ့စစ်(ငြာနေ)တပ်ဖွဲ့ဝင်များက အသီးသီးလက်ခံရယူကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်(ငြာနေ) တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ပြည်သူ့စစ်(ငြာနေ)တပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနူတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အဖွဲ့ဝင် အမျိုးသား ခြောက်ဦးနှင့် အမျိုးသမီး တစ်ဦးတို့သည် လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်

နေပြည်တော် မတ် ၃၁

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် PDF အဖွဲ့ဝင် အမျိုးသားခြောက်ဦး၊ အမျိုးသမီးတစ်ဦး စုစုပေါင်း ခုနစ်ဦးတို့သည် လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြပြီး တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းရန်အောင်ခန်းမ၌ ကျင်းပပြုလုပ်သည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသည့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့မှ နှစ်ဦး၊ တနင်္သာရီမြို့မှ နှစ်ဦး၊ ဘုတ်ပြင်းမြို့မှ တစ်ဦး၊ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့မှ တစ်ဦး၊ အင်္ဂပူမြို့မှ တစ်ဦးတို့အား တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် ကျော်ကျော်ဟန်နှင့် အဖွဲ့ဝင်များ ငြာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း သို့ ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား အသိပညာပေး အမှာစကား ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် HK-33 သေနတ်တစ်လက်၊ M-16 သေနတ်တစ်လက်၊ ကျည်အိမ်ငါးခု၊ ၅ ဒသမ ၅၆ ကျည် ၁၈၈ တောင့်၊ MG-1 လက်ပစ်ဗုံးတစ်လုံးနှင့် ကျည်ကာအင်္ကျီ တစ်ထည်တို့ကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။

ယင်းနောက် တိုင်းမှူးက လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအတွက် သေနတ်တစ်လက်လျှင် ဆုကြေးငွေကျပ် သိန်း ၅၀ နှုန်းဖြင့် သေနတ်နှစ်လက်အတွက် ကျပ်သိန်း ၁၀၀၊ လက်ပစ်ဗုံး တစ်လုံးအတွက် ဆုကြေးငွေကျပ် သုံးသိန်းနှင့် လက်နက်မဲ့အလင်းဝင်ရောက်လာသူ ငါးဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၁၀ သိန်းနှုန်းဖြင့် ငွေကျပ် သိန်း ၅၀ စုစုပေါင်း ချီးမြှင့်ငွေကျပ် ၁၅၃ သိန်းနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။ ယင်းနောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများအား ခံဝန်ကတိ လက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံခဲ့ရာ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများကိုယ်စား ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ ဥပဒေဘောင်အတွင်း သို့ ဝင်ရောက်လာကြသည့် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံအဖွဲ့ဝင်များသည် မိသားစုဝင် ဆွေမျိုးများနှင့် အကျပ်ကိုင်၍ အတင်းအဓမ္မ စုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ် မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခဲ့ဖျက်ဆီးခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များ ထောက်ခံအားပေးခြင်း၊ ၎င်းတို့အား အတွင်း၌ပင် အထက်အောက် အဆင့်အတန်းခွဲခြား၍ အချင်းချင်း ဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အမျိုးမျိုးကျူးလွန်ခြင်း၊ အနေအစား ဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာနေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်ခြင်းမရှိတော့ဘဲ စိတ်ဓာတ် ကျဆင်းလာခြင်းတို့ အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာ နေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင် လမ်းစဉ်အား စွန့်လွှတ်၍ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည် လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများ အနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆို လက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည် ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည် ဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

PDF ထဲ ဝင်ရောက်တဲ့ခုနှစ် ကတော့ ၂၀၂၅ ခုနှစ် စက်တင်ဘာလဖြစ်ပါတယ်။ တောထဲရောက်တဲ့အတွေ့အကြုံကတော့ အိမ်မှာ နေရသလို မနေရဘူး။ အိပ်ကောင်းလည်း မအိပ်ရဘူး။ စားကောင်းလည်း မစားရဘူး။ ဟိုအထဲရောက်တဲ့ အချိန်မှာ ထင်ထားတာနဲ့ တခြားစီဖြစ်နေတယ်။ နေရတာလည်း သိပ်အဆင်မပြေဘူး။ စိတ်တွေပွန်းကျပ်တယ်။ စိတ်ဆင်းရဲတဲ့ဒဏ်ကိုလည်း ခံရတာပေါ့။ ခဏခဏလည်းငိုရတယ်။ အိမ်ကိုလွမ်းလို့။ ထွက်ပြေးဖို့ အကြိမ်ကြိမ် ကြိုးစားခဲ့တယ်။ သုံးကြိမ်ကြိုးစားခဲ့တယ်။ နှစ်ကြိမ်က မအောင်မြင်ခဲ့ဘူး။ တစ်ကြိမ်

တော့လွတ်လာခဲ့တယ်။ အခုလို ဥပဒေဘောင်အတွင်း အလင်းဝင်လာတဲ့သူတွေကို အခုလို အစားအသောက်တွေ ကျွေးမွေးပေးတဲ့အပြင် ထောက်ပံ့ငွေပေးပြီး နွေးနွေးထွေးထွေးကြိုဆိုတဲ့အတွက် နိုင်ငံတော်နဲ့ တပ်မတော် အကြီးအကဲတွေကို ကျေးဇူးတင်ပါတယ်။ တောထဲကျန်ခဲ့တဲ့ PDF လူငယ်တွေကို ဥပဒေဘောင်အတွင်း အမြန်ဆုံး အလင်းဝင်ကြဖို့ တိုက်တွန်းချင်ပါတယ်။

မွေးမြူရေးတိရစ္ဆာန်များ အပူရှိန်ပြင်းထန်လွန်းကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

မွေးမြူရေးတိရစ္ဆာန်များ ရာသီဥတုအပူရှိန်ပြင်းထန်လွန်းကဲဆိုးမှုတွင် အပူဒဏ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) တိရစ္ဆာန်များကို အပူချိန်မြင့်သောအချိန်တွင် အရိပ်ရှိသောနေရာများ၌ ထားရှိရန်နှင့် အပူချိန်ပြင်းထန်မှုနည်းပါးသော နံနက်နှင့် ညနေမှသာ လွှတ်ကျောင်းခြင်းပြုရန်၊

(၂) မွေးမြူထားသော တိရစ္ဆာန်များအတွက် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းရန်နှင့် လေလွှင့်ဆုံးရှုံးမှုမရှိအောင် ဆောင်ရွက်ထားရန်၊

(၃) ပူပြင်းသောဒဏ်ကို ကာကွယ်ရန်အတွက် ရေခဲတိုင်သော အစားအစာများကို ဖြည့်စွက်ကျွေးမွေးရန်၊

(၄) တိရစ္ဆာန်များ ရွှေ့ပြောင်းရန်လိုအပ်ပါက သောက်သုံးရေရရှိနိုင်ပြီး အပူဒဏ်မှ ကာကွယ်နိုင်သော နေရာများ စီစဉ်ထားရှိရန်၊

(၅) တိရစ္ဆာန်အစာများဖြစ်သည့် ကောက်ရိုး၊ မြက်စိုး၊ မြက်နုများ စနစ်တကျ ကြိုတင်စုဆောင်းထားရန်၊

(၆) တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားကျရောက်စေခြင်းမရှိစေရန်အတွက် ကာကွယ်ဆေးများပုံမှန်ထိုးနှံထားရန်၊

(၇) တိရစ္ဆာန်မွေးမြူထားရှိသော ခြံနှင့် အစာသိုလှောင်ထားသောနေရာများတွင် မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် မီးချောင်း၊ မီးကပ်၊ သဲနှင့် ရေပုံးများ ထားရှိရန်၊

(၈) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ပြင်သစ်သမ္မတ မက်ခရွန် ဂျပန်နိုင်ငံသို့ ရောက်ရှိ

အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခဖြစ်ပွားမှုမှာ အဓိကဆွေးနွေးမည့် အကြောင်းအရာဖြစ်ဖွယ်ရှိ

ပါရီ မတ် ၃၁

ပြင်သစ်သမ္မတ အီမန်နျူရယ် မက်ခရွန်သည် မတ် ၃၁ ရက်တွင် ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ ဟာနီဒါ လေဆိပ်သို့ ရောက်ရှိကြောင်း အင်နဲအိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ၎င်း၏ သုံးရက်ကြာခရီးစဉ်အတွင်း ဝန်ကြီးချုပ် တာကာအိချိ ဆာနေအဲနှင့် ဆွေးနွေးမှုများပြုလုပ်သွားမည့် အပြင် ဇကရာဇ် နာရူဟီတိုနှင့်လည်း တွေ့ဆုံသွားရန် စီစဉ်ထားကြောင်း သိရသည်။

အဆိုပါ ခရီးစဉ်မှာ သမ္မတအဖြစ် ဂျပန်နိုင်ငံသို့ လေးကြိမ်မြောက် ရောက်ရှိလာခြင်းဖြစ်ပြီး ၎င်း၏ ယခင်ခရီးစဉ်မှာ ၂၀၂၃ ခုနှစ် မေလက ဟီရိရှိမားမြို့တွင် ကျင်းပခဲ့သည့် ဂျီ-၇ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်သည့် ခရီးစဉ်ဖြစ်သည်။

ပြင်သစ်နိုင်ငံသည် အီဗီယန်လဲဘိန်းစ်မြို့၌ လာမည့် ဇွန်လတွင် ဂျီ-၇ ထိပ်သီးအစည်းအဝေး ကျင်းပရန် စီစဉ်ထားသည်။ ယင်းအစည်းအဝေးမတိုင်မီ ပြင်သစ်နိုင်ငံသည် ကမ္ဘာတစ်ဝန်းဖြစ်ပေါ်နေသော ပဋိပက္ခအခြေအနေများအပေါ် တုံ့ပြန်ရာတွင် ဂျပန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်မြှင့်တင်ရန် ရည်ရွယ်ထားသည်။

ထို့ပြင် ပြင်သစ်နိုင်ငံသည် ဂျပန်နိုင်ငံနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအားကောင်းစေရန်လည်း ရည်ရွယ်ထားသည်။ လာမည့်ဆွေးနွေးမှုများတွင် အရှေ့အလယ်ပိုင်းဒေသရှိ ပဋိပက္ခများမှာ အဓိကဆွေးနွေးမည့် အကြောင်းအရာဖြစ်ဖွယ်ရှိကြောင်း ပြင်သစ်သမ္မတ ရုံးက ပြောသည်။

ပြင်သစ်နိုင်ငံသည် အရပ်ဘက်နျူကလီးယားစွမ်းအင်၊ အာကာသနည်းပညာနှင့် အာကာသနည်းပညာများ အပါအဝင် ကဏ္ဍအသီးသီးတွင် ဂျပန်နိုင်ငံနှင့် မိတ်ဖက်ဆက်ဆံရေးကို ပိုမိုခိုင်မာအားကောင်းစေရန် ကတိကဝတ်များကို ထပ်မံအတည်ပြုရန်လည်း စီစဉ်ထားသည်။

အင်နဲအိတ်ချ်ကေ

ယူအေအီး၌ ဧပြီလအတွင်း စက်သုံးဆီဈေးနှုန်းများ သိသိသာသာ မြင့်တက်လာဖွယ်ရှိ

ဒူဘိုင်း မတ် ၃၁

ဓာတ်ဆီနှင့် ဒီဇယ်ဆီ ဈေးနှုန်းများ ယခင်လထက် မြင့်တက်လာပြီး ဧပြီလတွင်လည်း စက်သုံးဆီဈေးနှုန်းများ သိသိသာသာ မြင့်တက်နိုင်ကြောင်း အာရပ်စော်ဘွားများ ပြည်ထောင်စု (UAE) စက်သုံးဆီဈေးနှုန်း ကော်မတီက မတ် ၃၁ ရက်တွင် ကြေညာခဲ့သည်။

ဧပြီလ ၁ ရက်မှစ၍ Super 98 ဓာတ်ဆီသည် တစ်လီတာလျှင် ယူအေအီးဒါဟမ် ၂ ဒသမ ၅၉ (အမေရိကန်ဒေါ်လာ ၀ ဒသမ ၇၁ ခန့်) မှ ယူအေအီးဒါဟမ် ၃ ဒသမ ၃၉ (အမေရိကန်ဒေါ်လာ ၀ ဒသမ ၈၂) အထိ မြင့်တက်မည်ဖြစ်ပြီး ယခင်ဈေးနှုန်းထက် ၃၀ ဒသမ ၉ ရာခိုင်နှုန်း တိုးလာမည်ဖြစ်ပါသည်။ 95 ဈေးနှုန်းသည် တစ်လီတာလျှင် ယူအေအီးဒါဟမ် ၂ ဒသမ ၄၈ (အမေရိကန် ဒေါ်လာ ၀ ဒသမ ၆၈) မှ ယူအေအီးဒါဟမ် ၃ ဒသမ ၂၈ (အမေရိကန် ဒေါ်လာ ၀ ဒသမ ၈၉) အထိ မြင့်တက်လာမည်ဖြစ်သဖြင့် ယခင်ဈေးနှုန်းထက် ၃၂ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်လာမည်ဖြစ်သည်။

E-Plus 91 ဈေးနှုန်းသည် တစ်လီတာလျှင် ယူအေအီးဒါဟမ် ၂ ဒသမ ၄၀ (အမေရိကန်ဒေါ်လာ ၀ ဒသမ ၆၅) မှ ယူအေအီးဒါဟမ် ၃ ဒသမ ၀၃ (အမေရိကန်ဒေါ်လာ ၀ ဒသမ ၈၁) အထိ မြင့်တက်မည်ဖြစ်ပြီး ယခင်ဈေးနှုန်းထက် ၃၁ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်မည်ဖြစ်သည်။ ဒီဇယ်သည် တစ်လီတာလျှင် ယူအေအီးဒါဟမ် ၂ ဒသမ ၇၂ (အမေရိကန်ဒေါ်လာ ၀ ဒသမ ၇၄) မှ ယူအေအီးဒါဟမ် ၄ ဒသမ ၆၉ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၈) အထိ မြင့်တက်သွားမည်ဖြစ်ပြီး ယခင်ဈေးနှုန်းထက် ၇၂ ဒသမ ၄ ရာခိုင်နှုန်းအထိ ခုန်တက်သွားမည်ဖြစ်သည်။

ဆီဈေးနှုန်းများသည် မတ်လအတွင်း အနည်းငယ်မျှသာ မြင့်တက်ခဲ့ပြီး ဧပြီလဆန်း၌ တစ်ဟုန်ထိုး မြင့်တက်မည်ဖြစ်သည်။

ကမ္ဘာ့ရေနံဈေး မြင့်တက်လာခြင်းကြောင့် စက်သုံးဆီဈေးနှုန်းများ ကမ္ဘာနှင့်တစ်ဝန်း မြင့်တက်လာခြင်းဖြစ်ကြောင်း လေ့လာသူများက သုံးသပ်ဖော်ပြထားသည်။

အာရပ် စော်ဘွားများ ပြည်ထောင်စုသည် ၂၀၁၅ ခုနှစ်ကတည်းက စက်သုံးဆီဈေးနှုန်းများ ကန့်သတ်ခဲ့ပြီး ပြည်တွင်း ဈေးနှုန်းများကို နိုင်ငံတကာ ပေါက်ဈေးများနှင့် ချိန်ညှိထားသည်။

ဆင်ဟွာ

ရွှေပြောင်းနေထိုင်သူ ၁၉၀ ခန့်ကို ကြားဖြတ်ဖမ်းဆီးနိုင်ခဲ့ပြီး လစ်ဗျာသို့ ပြန်လည်ပို့ဆောင်

ထရီပိုလီ မတ် ၃၁

တရားမဝင်ရွှေပြောင်းနေထိုင်သူ ၁၉၀ ကို ပင်လယ်ပြင်တွင် ကြားဖြတ်ဖမ်းဆီးရမိခဲ့ပြီး မတ် ၂၂ ရက်မှ ၂၈ ရက်အတွင်း လစ်ဗျာသို့ ပြန်လည်ပို့ဆောင်ပေးခဲ့သည်ဟု ရွှေပြောင်းနေထိုင်သူများဆိုင်ရာ နိုင်ငံတကာအဖွဲ့ (IOM) က မတ် ၃၀ ရက်က ပြောကြားခဲ့သည်။

နိုင်ငံတကာအဖွဲ့အစည်းများသည် အဆိုပါ တရားမဝင်ရွှေပြောင်းသွားလာမှုအန္တရာယ်များနှင့် ရွှေပြောင်းနေထိုင်သူများ ကြုံတွေ့ရမည့် အခက်အခဲများကို အကြိမ်ကြိမ်သတိပေးထားသည်။

၂၀၂၆ ခုနှစ်အစပိုင်းကပင် ရွှေပြောင်းနေထိုင်သူ စုစုပေါင်း ၃၄၄၀ ကို ကြားဖြတ်ဖမ်းဆီးနိုင်ခဲ့ပြီး လစ်ဗျာသို့ ပြန်လည်ပို့ဆောင်ခဲ့သည်။ ထို့ပြင် မတ် ၂၈ ရက်အထိ အလယ်ပိုင်းမြေထဲပင်လယ်လမ်းကြောင်းတွင် တရားမဝင်ရွှေပြောင်းသူ ၆၂၂ ဦး သေဆုံးသို့မဟုတ်ပျောက်ဆုံးခဲ့ကြောင်း အိုင်အိုအမ်က ပြောကြားခဲ့သည်။

ဆင်ဟွာ

အာဖဂန်နစ္စတန်နိုင်ငံ၌ ရုတ်တရက်ရေကြီးမှုကြောင့် ၁၄ ဦး သေဆုံး

ကဘူးလ် မတ် ၃၁

အာဖဂန်နစ္စတန်နိုင်ငံ၏ ပြည်နယ်အများအပြားတွင် ယမန်နေ့က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရုတ်တရက်ရေကြီးမှုဖြစ်ပွားခဲ့ပြီး ၁၄ ဦးထက် မနည်းသေဆုံးကာ ၁၇ဦး ဒဏ်ရာရရှိခဲ့ကြောင်း အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့က မတ် ၃၁ ရက်တွင် ထုတ်ပြန်ဖော်ပြခဲ့သည်။

လူသေဆုံးမှုများအပြင် သဘာဝဘေးအန္တရာယ်ကြောင့် နေအိမ် ၄၇၆ လုံး ရေနစ်မြုပ်ပျက်စီးခဲ့ပြီး စိုက်ပျိုးမြေ ၁၄၂၃ ဧက မျောပါသွားကာ ဥယျာဉ်ခြံများ၊ ရေမြောင်းများနှင့် ဆည်မြောင်းကွန်ရက်များ ဆိုးရွားစွာ ပျက်စီးခဲ့ကြောင်း အာဏာပိုင်များက ပြောသည်။

မတ် ၃၀ ရက်တွင် အာဖဂန်နစ္စတန် ပြည်နယ် ၃၄ ခုအနက် ၂၅ ခုတွင် မိုးသည်းထန်စွာရွာသွန်းခဲ့သည့်အတွက် အနည်းဆုံး ၂၈ဦး သေဆုံးခဲ့ပြီး ၄၉ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့က သတင်းထုတ်ပြန်ခဲ့သည်။

၁၀ စုနှစ်များစွာကြာ ပဋိပက္ခဖြစ်ပွားခြင်း၊ အခြေခံအဆောက်အအုံများယိုယွင်းပျက်စီးလာခြင်း၊ စီးပွားရေးစနစ်ယိုယွင်းပျက်စီးလာခြင်း၊ သစ်တောပြုန်းတီးမှု ကျယ်ပြန့်လာခြင်းနှင့် ရာသီဥတုဖောက်ပြန်မှု ပြင်းထန်လာခြင်းတို့ကြောင့် အာဖဂန်နစ္စတန်သည် သဘာဝဘေးဒဏ်ကို ပိုမိုပြင်းထန်စွာခံစားနေရသည်။

ဆင်ဟွာ

ဂျပန်နိုင်ငံမှ ဒီဇယ်စည်း ၁၄၀၀၀၀ ကျော် ဖိလစ်ပိုင်လက်ခံရရှိ

မနီလာ မတ် ၃၁

ဖိလစ်ပိုင်အစိုးရက အမျိုးသားစွမ်းအင်ဆိုင်ရာ အရေးပေါ်အခြေအနေတစ်ရပ် ကြေညာပြီးနောက် ဂျပန်နိုင်ငံမှ ဒီဇယ်စည်ပေါင်း ၁၄၀၀၀၀ ကျော် ရောက်ရှိလာခဲ့ကြောင်း ပြောကြားလိုက်သည်။

ဖိလစ်ပိုင်စွမ်းအင်ဝန်ကြီးဌာနက မတ် ၂၆ ရက်တွင် ဒီဇယ်စည်ပေါင်း ၁၄၂၀၀၀ ရောက်ရှိလာခဲ့ကြောင်း မတ် ၃၀ ရက်တွင် ထုတ်ပြန် ကြေညာခဲ့သည်။ အဆိုပါစက်သုံးဆီများကို နိုင်ငံပိုင် ရေနံကုမ္ပဏီတစ်ခုက ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံ၏ ရေနံစိမ်းတင်သွင်းမှုမှာ အရှေ့အလယ်ပိုင်းဒေသအပေါ် ၉၀ ရာခိုင်နှုန်းကျော် အထိအမှီပြုနေရပြီး ယင်းဒေသတွင် ပဋိပက္ခများ ဖြစ်ပွားလာပြီးနောက် စက်သုံးဆီဈေးနှုန်းများ မြင့်တက်လျက်ရှိကြောင်း သိရသည်။ စွမ်းအင်ထောက်ပံ့မှုအကျပ်အတည်းနှင့် ကြုံတွေ့နေရသည်ဟု ဆိုကာ ဖိလစ်ပိုင်အစိုးရက ယခုလ အစောပိုင်းတွင် အမျိုးသားစွမ်းအင်ဆိုင်ရာ အရေးပေါ်အခြေအနေအဖြစ် ကြေညာထားသည်။

မလေးရှား၊ စင်ကာပူနှင့် အိန္ဒိယနိုင်ငံတို့ အပါအဝင် စုစုပေါင်း ဒီဇယ်စည် တစ်သန်းခန့်ကို ဧပြီလအတွင်း တင်ပို့မှုရရှိမည်ဖြစ်ကြောင်း စွမ်းအင်ဝန်ကြီးဌာနက ကြေညာသည်။ ဖိလစ်ပိုင်အစိုးရသည် စက်သုံးဆီထောက်ပံ့မှုများကို စာချုပ်ပါအတိုင်း လက်ခံရရှိစေရန်အတွက် သံရုံးများနှင့် ဆက်သွယ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စွမ်းအင်ဝန်ကြီးဌာန ရှာရွန်ဂါရင်(ဒဲပုံ)က သတင်းထောက်များအား ဖြေကြားသည်။

အင်နဲအိတ်ချ်ကေ

၂၀၂၆ ခုနှစ် မတ်လအတွင်း (၁၆-၃-၂၀၂၆ ရက်နေ့မှ ၃၁-၃-၂၀၂၆ ရက်နေ့အထိ) ဝန်းကျင်လေထုအရည်အသွေးလေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner၊ Air Quality Monitoring Station (AQM–65)၊ Scentroid (SL–50 Scential)၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer–1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 (PM_{10})၊ Sulphur Dioxide (SO_2) ၊ Nitrogen Dioxide (NO_2)၊ Ozone (O_3) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန် တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

စဉ်	ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုင်းတာသည့်နေရာ	တိုင်းတာသည့် Parameter များ					
		၂.၅မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ	၁၀မိုက် ခရွန် အရွယ်ရှိသော အမှုန် အမွှားများ	ဆာလဖာဒိုင် အောက်ဆိုဒ်	နိုက်ထရိုဂျင်ဒိုင် အောက်ဆိုဒ်	အိုဇုန်း	ကာဗွန်မိုနောက်ဆိုဒ်
၁	နေပြည်တော်						
	၁ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်	လက်ခံနိုင်သော	ကောင်းမွန်	–	ကောင်းမွန်	–	ကောင်းမွန်
	၂ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်	ကောင်းမွန်					
၂	ရန်ကုန်တိုင်းဒေသကြီး						
	၁ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့	ကောင်းမွန်					
	၂ အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့	ကောင်းမွန်					
	၃ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့	ကောင်းမွန်					
	၄ တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့	ကောင်းမွန်					
၃	မန္တလေးတိုင်းဒေသကြီး						
	၁ အမရပူရမြို့နယ်၊ မန္တလေးမြို့	ခံနိုင်နည်းပါးသောသူများအတွက်သာ	လက်ခံနိုင်သော	ကောင်းမွန်			
	၂ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့	ခံနိုင်နည်းပါးသောသူများအတွက်သာ	ကောင်းမွန်				
	၃ ညောင်ဦးမြို့	လက်ခံနိုင်သော	ကောင်းမွန်				
	၄ ကျောက်ဆည်မြို့	လက်ခံနိုင်သော	ကောင်းမွန်				
	၅ မိတ္ထီလာမြို့	လက်ခံနိုင်သော	ကောင်းမွန်				
၄	စစ်ကိုင်းတိုင်းဒေသကြီး						
	၁ မုံရွာမြို့	လက်ခံနိုင်သော	ကောင်းမွန်				
	၂ စစ်ကိုင်းမြို့	လက်ခံနိုင်သော	ကောင်းမွန်				
၅	တနင်္သာရီတိုင်းဒေသကြီး						
	၁ ထားဝယ်မြို့	–	–	ကောင်းမွန်	–		
	၂ ကော့သောင်းမြို့	လက်ခံနိုင်သော	ကောင်းမွန်				
၆	ပဲခူးတိုင်းဒေသကြီး						
	၁ ပဲခူးမြို့	လက်ခံနိုင်သော	ကောင်းမွန်				
၇	မကွေးတိုင်းဒေသကြီး						
	၁ မကွေးမြို့	လက်ခံနိုင်သော	–	ကောင်းမွန်			
	၂ သရက်မြို့	–	ကောင်းမွန်	–	ကောင်းမွန်		
၈	ဧရာဝတီတိုင်းဒေသကြီး						
	၁ ပုသိမ်မြို့	–	–	ကောင်းမွန်			
၉	ကချင်ပြည်နယ်						
	၁ မြစ်ကြီးနားမြို့	လက်ခံနိုင်သော	ကောင်းမွန်				
၁၀	ကရင်ပြည်နယ်						
	၁ ဘားအံမြို့	လက်ခံနိုင်သော	ကောင်းမွန်	လက်ခံနိုင်သော	ကောင်းမွန်		
၁၁	မွန်ပြည်နယ်						
	၁ မော်လမြိုင်မြို့	လက်ခံနိုင်သော	ကောင်းမွန်				
	၂ သထုံမြို့	လက်ခံနိုင်သော	ကောင်းမွန်				
	၃ ချောင်းဆုံမြို့	လက်ခံနိုင်သော	ကောင်းမွန်				
၁၂	ရှမ်းပြည်နယ်						
	၁ တောင်ကြီးမြို့	ခံနိုင်နည်းပါးသောသူများအတွက်သာ	လက်ခံနိုင်သော	ကောင်းမွန်			
	၂ ကျိုင်းတုံမြို့	ကျန်းမာရေးကိုထိခိုက်စေနိုင်သော	–	–	–	–	
	၃ တာချီလိတ်မြို့	ခံနိုင်နည်းပါးသောသူများအတွက်သာ	ကောင်းမွန်				
	၄ မိုင်းဆတ်မြို့	–	လက်ခံနိုင်သော	–	ကောင်းမွန်		

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

0–50	လေထုအရည်အသွေးကောင်းမွန်သောအဆင့်
51–100	လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့်
101–150	ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့်
151–200	ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့်
201–300	ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့်
301–500	ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့်

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှု အခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထု အရည်အသွေး တိုင်းတာသည့် နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား သုံးဦးအား သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်နိုင်ခဲ့ပြီး အိန္ဒိယနိုင်ငံသား တစ်ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့

နေပြည်တော် မတ် ၃၁

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ–ရွှေကုက္ကိုလ် နယ်မြေတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသား နှစ်ဦးနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား သုံးဦးတို့အား ယနေ့တွင် မြန်မာ–ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့ပြီး အိန္ဒိယနိုင်ငံသား တစ်ဦးကို ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးအပ်ရာတွင် မြဝတီ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသံရုံးမှ အုပ်ချုပ်မှုအရာရှိနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံသံရုံးမှတာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

ထို့အတူ ကရင်ပြည်နယ် မြဝတီမြို့အနီးတွင် တရားမဝင်လမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်နေခဲ့သည့် အိန္ဒိယနိုင်ငံသားတစ်ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် မတ် ၃၁ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၆၁၇ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသား အားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၄၀၄ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန်ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၂၁၃ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော)ပြဋ္ဌာန်းချက်များ အကဉ်ပဒေပုဒ်မ ၃(၁)/၁၃(၁) အရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၇၄၁ ဦး ရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၄၇၂ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်း နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

တာချီလိတ်မြို့၌ ဘိုးဘွားများအား (ပဉ္စမအကြိမ်) ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ဆေးဝါးကုသိုလ်ပြုလှူဒါန်း

တာချီလိတ် မတ် ၃၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ ဘိုးဘွားများအား လစဉ်ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ဆေးဝါးကုသိုလ်ပြုလှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းက ဝမ်ကောင်းရပ်ကွက်ရှိ ဘိုးဘွားရိပ်သာခန်းမ၌ ကျင်းပသည်။

ဦးစွာ မြန်မာ–ထိုင်း–လာအို(သုံးနိုင်ငံ) နယ်ခြားကော်မတီ ဆက်ဆံရေးတာဝန်ခံ၊ UBL,BLF Company မန်နေးဂျင်း ဒါရိုက်တာ၊ နိုင်ငံတော်လူမှုထူးချွန် (တတိယ) အဆင့်၊ ပြည်နယ်လူမှုထူးချွန် (ပထမ) အဆင့် ဦးဘိုလေးက ဘိုးဘွားများအား လစဉ်ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ဆေးဝါးကုသိုလ်ပြုလှူဒါန်းခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး တာချီလိတ်မြို့မှ ဒေသခံစေတနာရှင် ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများက ဘိုးဘွား ၂၄ ဦးတို့အား သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ ဆီးချို၊ သွေးချို စစ်ဆေးပေးခြင်း၊ လိုအပ်သောဆေးဝါးများနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးကြသည်။

ထို့နောက် ဘိုးဘွားရိပ်သာကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဦးစိုင်းဆိုင်ကျောက်က ဘိုးဘွားများအား လစဉ်ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ဆေးဝါးကုသိုလ်ပြုလှူဒါန်းခြင်းအတွက် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ရာ ဦးဘိုလေးက လက်ခံရယူပြီး အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ဆေးဝါးကုသိုလ်ပြုလှူဒါန်းလာသည်မှာ ငါးကြိမ်မြောက်ရှိပြီဖြစ်ကြောင်း သိရသည်။

ကျော်ဇေယျာလင်း(ပြန်/ဆက်)

❍ *ကျောပုံမှ*

ဝေလင်းအောင်၊ ဇော်ဝင်းသိန်း၊ မြတ်ကောင်းခန့်၊ ရဲရင့်အောင်၊ သန်းပိုင်တို့ကို အသုံးပြုခဲ့သည်။ ပထမပိုင်းတွင် အိမ်ရှင်ပါကစ္စတန်အသင်းက ထိန်းကစားနေသဖြင့် မြန်မာအသင်း ပိုဖိကစားနိုင်သော်လည်း တိုက်စစ်တွင် အချိတ်အဆက်လွဲချော်နေသဖြင့် ဂိုးသွင်းခွင့်မရဘဲ ပထမပိုင်း အပြီးတွင် ဂိုးမရှိသရေကျနေသည်။ ပထမပိုင်းတွင် ပါကစ္စတန်အသင်း ဂိုးရရှိနိုင်သည့် အပိုင်အခွင့်အရေးတစ်ကြိမ်ရသော်လည်း မြန်မာဂိုးသမား ဇင်ညီညီအောင် ကာကွယ်နိုင်ခဲ့သည်။ ဒုတိယပိုင်းအစတွင် ပါကစ္စတန် အသင်း ခံစစ်အမှားမှတစ်ဆင့် မြန်မာအသင်း ဂိုးစတင်ရရှိပြီး ပါကစ္စတန် နောက်ခံလူ နောက်ပြန်ပေးရာမှတစ်ဆင့် ဂိုးသမား ဟန်နစ် ကန်တင်ရာ ခြေချော်ပြီး ဂိုးထဲဝင်သွားခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် မြန်မာအသင်း ဆက်တိုက်ဖိကစားနိုင်ခဲ့ပြီး ၅၉ မိနစ်တွင် လွှင်မိုးအောင်၏ ဖန်တီးပေးမှုမှတစ်ဆင့် သန်းပိုင်က ဒုတိယဂိုးသွင်းယူခဲ့သည်။ ပွဲပြီးခါနီးတွင် ပါကစ္စတန်အသင်း ချေပဂိုးတစ်ဂိုးရခဲ့ပြီး ရှာရက်ဒို့စ် ခေါင်းတိုက် သွင်းယူခဲ့ခြင်းဖြစ်သည်။

အာရှဖလား တတိယအဆင့်ခြေစစ်ပွဲ အုပ်စုပွဲစဉ်များအပြီးတွင် မြန်မာအသင်းက ခြောက်ပွဲကစား ၁၂ မှတ်၊ ပါကစ္စတန်အသင်းက ခြောက်ပွဲကစား နှစ်မှတ်ရရှိခဲ့သည်။

ရဲရင့်လွင်၊ ဓာတ်ပုံ–MFF

ရောဝတီမြစ်ရေ လက်ရှိရေမှတ်အထက် နှစ်ပေခန့် မြင့်တက်လာနိုင်

ရောဝတီမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ မန္တလေးမြို့တွင် ၃၁၈ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ၂၀၂၆ ခုနှစ် ဧပြီလ ပထမ ၁၀ ရက်ပတ်အတွင်း လက်ရှိရေမှတ်အထက် နှစ်ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ ရေနည်းသတိပေးမှတ် ၃၆၀ စင်တီမီတာအထက်သို့ ပြန်လည်ရောက်ရှိနိုင်သည်။

မိုး/၈လ

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် မတ် ၃၁

စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/၈လ

လူငယ်များအတွက် နွေရာသီကျောင်းပိတ်ရက် အင်္ဂလိပ်စာ၊ ကွန်ပျူတာနှင့် အားကစားသင်တန်းများဖွင့်

ကလေး မတ် ၃၁

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆွန်ကြားမှုဖြင့် ကလေးခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၊ အခြေခံပညာဦးစီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်များ နွေရာသီကျောင်းပိတ်ရက် အင်္ဂလိပ်စာ၊ ကွန်ပျူတာနှင့် အားကစားသင်တန်းများ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ်စုပေါင်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကလေးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမိုးထက်က သင်တန်းဖွင့် အမှာစကား ပြောကြားပြီး သင်တန်းသို့ ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်များ၊ သင်တန်းနည်းပြများ၊ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၇၀ တက်ရောက်သည်။

ကလေးတက္ကသိုလ်နှင့်ကလေးခရိုင် အားကစားကွင်းတို့၌ နွေရာသီသင်တန်းများ ဖြစ်သည့် အင်္ဂလိပ်စာ၊ ကွန်ပျူတာ၊ တိုက်ကွမ်ဒို၊ ဖူဆယ်၊ ကြက်တောင်နှင့် အခြေခံစစ်သင်တန်းများမှ သင်တန်းသား သင်တန်းသူ ၃၅၈ ဦးကို ဧပြီ ၁ ရက်မှ ၂၉ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

အမှန်တကယ်ကြည့်မည့်အချိန်၌သာ တီဗွီကိုဖွင့်ပါ ကြည့်သူမရှိဘဲ အချိန်ပြည့်ဖွင့်ထားခြင်းကို ရှောင်ကြဉ်ပါ

ဧမ္မူသီရိမြို့နယ်၌ နွေရာသီအားကစားသင်တန်းများ ဖွင့်လှစ်

နေပြည်တော် မတ် ၃၁

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဧမ္မူသီရိမြို့နယ်၌ ကျောင်းသား ကျောင်းသူ အားကစားဝါသနာရှင်များအနေဖြင့် ပညာရေးသာမက ကာယဉာဏစာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ နွေရာသီ အားကစားသင်တန်းများကို မတ် ၂၅ ရက်မှ စတင်ဖွင့်လှစ်ခဲ့သည်။

အဆိုပါ နွေရာသီအားကစားသင်တန်းများကို ဧမ္မူသီရိမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဧနေဝင်း၊ မြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာန ဦးစီအရာရှိ ဒေါ်နှင်းမမဦးနှင့် အားကစားနည်းပြများက အနီးကပ်ကြီးကြပ်၍ အားကစားနည်းများ ဖြစ်သည့် တိုက်ကွမ်ခို၊ ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ မြန်မာ့ သိုင်း၊ ဟော်ကီ၊ ဂူရူး၊ ဘတ်စကက်ဘော၊ ခရစ်ကက်၊ အေရိုးဗစ်/P.F.D စသည့် အားကစားနည်း ၁၀ မျိုးကို မတ် ၂၅ ရက်မှ ဧပြီ ၄ ရက်အထိ ဖွင့်လှစ်ပို့ချပေးလျက်ရှိသည်။

အဆိုပါသင်တန်းများကို ကျောင်းသား ကျောင်းသူများ၊ အားကစား ဝါသနာရှင်များက အားလပ်ရက်အချိန်များကို အကျိုးရှိစွာအသုံးချ၍ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများဖြစ်လာစေရန် ရည်ရွယ်၍ နေ့စဉ် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရှိပြီး နွေရာသီ အဆင့်မြင့် သင်တန်းများကိုလည်း ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ဧမ္မူသီရိမြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ သိရသည်။

တင့်ဖူးခိုင်(ပြန်/ဆက်)

ညောင်ရွှေမြို့နယ်၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး

ညောင်ရွှေ မတ် ၃၁

ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ပေးခဲ့သည့် ၂၄ နာရီ လျှပ်စစ်မီးဖွင့်လှစ်ခြင်းကို ယမန်နေ့က ညောင်ရွှေမြို့နယ် မိုင်းသောက် ကျေးရွာအုပ်စု ဘော်လပတ် ကျေးရွာဓမ္မာရုံ၌ ဆောင်ရွက်သည်။

အဆိုပါ ၂၄ နာရီ လျှပ်စစ်မီးဖွင့်လှစ်ခြင်းတွင် ကျေးရွာနေ မိဘပြည်သူများနှင့် တွေ့ဆုံ၍ ညောင်ရွှေမြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးစိန်လင်းက ကျေးရွာနေပြည်သူများအနေဖြင့် လျှပ်စစ်ဓာတ်အားကို စနစ်တကျ ချွေတာ သုံးစွဲပေးကြရန်နှင့် သဘာဝဘေးအပါအဝင်အကြောင်း

အမျိုးမျိုးကြောင့် ဓာတ်အားလိုင်းကြိုးများပြတ်ကျခြင်း၊ လျော့ကျနေခြင်း၊ ဓာတ်အားလိုင်းကြိုးပေါ် သို့ သစ်ပင်/သစ်ကိုင်းများ လဲကျနေပါက ကိုင်တွယ်ခြင်းမပြုဘဲ မြို့နယ်လျှပ်စစ်ရုံးသို့ ချက်ချင်း ဆက်သွယ် အကြောင်းကြားပေး ကြရန် အသိပညာပေး ပြောကြား သည်။

ဟောပြောပွဲ အပြီးတွင် မြို့နယ်လျှပ်စစ်ဌာန တာဝန်ရှိသူများက မိဘပြည်သူများ သိရှိလိုက်နာ ဆောင်ရွက်နိုင်ရန် အတွက် လျှပ်စစ်အန္တရာယ် အကြောင်း သိကောင်းစရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

စိုင်းအယ်ဘဲ

မြောင်းမြမြို့၌ စံပြကွက် ရိတ်သိမ်းပွဲကျင်းပ

မြောင်းမြ မတ် ၃၁

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ မွေတော်ရှမ်းစုကျေးရွာအုပ်စု အုန်းပင်စုကျေးရွာ၌ ယနေ့နံနက် ၉ နာရီက စံကွက်ရိတ်သိမ်းပွဲ ကျင်းပသည်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ မြောင်းမြခရိုင်စိုက်တိုးမြှင့်အဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မွေတော်ရှမ်းစုအုပ်ချုပ်ရေးမှူးနှင့် တောင်သူများက တောင်သူဦးတင်ဖေ ပိုင်ဆိုင်သော ကွင်းအမှတ်၊ (၂၀၇) ကွင်း ၈က ၃၀ တွင် စိုက်ပျိုးထားသည့် နယူးဇရာ - ၁၁ အထွက်တိုးမျိုးစပါး စံကွက်အား ရိတ်သိမ်းခြင်းလေ့ စက်ဖြင့် ရိတ်သိမ်းနေမှုအခြေအနေကို ကြည့်ရှုအားပေးပြီး တစ်ကော လျှင် ၁၉၄ ဒသမ ၃၃ တင်းနှုန်း ထွက်ရှိခဲ့ကြောင်း သိရသည်။

ဧယျာ(မြောင်းမြ)

လက်ပံတန်းမြို့နယ်၌ ပေါ်ဆန်းမွှေးစပါးမျိုးများဖြစ်သည့် ရေဆင်းပေါ်ဆန်း(၂)စပါးမျိုး စမ်းသပ်စိုက်ပျိုး

လက်ပံတန်း မတ် ၃၁

ပဲခူးတိုင်းဒေသကြီး လက်ပံတန်း မြို့နယ်အတွင်း နွေစပါးစိုက်ပျိုးရေး တွင် အရည်အသွေးမြင့် ပေါ်ဆန်း မွှေးစပါးမျိုးများ လုံလောက်စွာ ရရှိစေရန် ရေဆင်းပေါ်ဆန်း(၂) စပါးမျိုးများ စမ်းသပ်စိုက်ပျိုးထား သည်။

ထိုသို့ စိုက်ပျိုးရာတွင် ရေဆင်းပေါ်ဆန်း (၂) စပါးမျိုးကို မကျိုးကွင်း၊ သိုက်ဝါးချောင်း၊ ရေကန်၊ ညောင်ဝိုင်းကျေးရွာအုပ်စု ရှိ တောင်သူ ရှစ်ဦး၏ လယ်မြေ ၁၅ ဧကတွင် စမ်းသပ်စိုက်ပျိုး ထားရှိရာ အောင်မြင်ဖြစ်ထွန်း လျက်ရှိသည်။

အဆိုပါ ရေဆင်းပေါ်ဆန်း စပါးမျိုးများကို ၂၀၂၆-၂၀၂၇ မိုးစပါးရာသီတွင် ရေဆင်းပေါ်ဆန်း (၁) ၃၃၄ ဧက၊ ရေဆင်းပေါ်ဆန်း (၂) ၃၃၄ ဧက၊ ရွှေဘိုပေါ်ဆန်း ၁၆၇၄ ဧက စုစုပေါင်း ၂၃၄၃ ဧက ကို တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ် ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီး ဌာနမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

ဝမ်းတွင်းမြို့မဈေး မီးဘေးလုံခြုံရေးစစ်ဆေးခြင်းများ နေ့စဉ်ဆက်လက်ဆောင်ရွက်လျက်ရှိ

ဝမ်းတွင်း မတ် ၃၁

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်း မြို့နယ် မီးသတ်ဦးစီးဌာနက ဝမ်းတွင်းမြို့မဈေး မီးဘေးလုံခြုံ ရေးစစ်ဆေးခြင်းများကို ဈေး တာဝန်ရှိသူများနှင့် ပူးပေါင်း၍ နေ့စဉ်စစ်ဆေးဆောင်ရွက်လျက် ရှိရာ မတ် ၃၀ ရက်က ဆက်လက် ဆောင်ရွက်သည်။

စစ်ဆေးဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးထွန်း ဦးဆောင်၍ တပ်ဖွဲ့ဝင်များက မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဈေးတာဝန်ရှိသူများနှင့် ဝန်ထမ်း များ၊ ဈေးသီးသန့်မီးသတ်တပ်ဖွဲ့ ဝင်များနှင့်အတူ ဈေးကြီး၌ မီးဘေး ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများကို လှည့် လည်ကြည့်ရှုစစ်ဆေးပြီး မြို့နယ် မီးသတ်ဦးစီးမှူးက မီးဘေးလုံခြုံ ရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းနိုင်ရေး အကြံပြုပေးခဲ့ ကြောင်း သိရသည်။

ကိုအောင်



မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ ညောင်ပင်ဈေး ပိတ်ချိန်တွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မျိုးထက် ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များသည် ဈေးတာဝန်ခံများနှင့်ပူးပေါင်း၍ မတ် ၃၀ ရက်က မီးဘေးလုံခြုံရေးစစ်ဆေးပြီး မီးသတ်ပေးချက် ဆော်ဩစဉ်။ ၂၂၁

ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။
ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။

ပေါက်ခေါင်းမြို့နယ်၌ သမဝါယမကဏ္ဍမှ နွေစပါးစိုက်ပျိုးထားရှိမှု ကြည့်ရှုစစ်ဆေး

ပေါက်ခေါင်း မတ် ၃၁

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်း မြို့နယ်အတွင်းရှိ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် သမဝါယမကဏ္ဍမှ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေ ဖြင့် တစ်ကောလျှင် ငွေကျပ်နှစ်သိန်း နှုန်းနှင့်ညီမျှသော စပါးမျိုးနှင့် သွင်းအားစုများကို ပံ့ပိုးပေးထား သည့် အခြေခံသမဝါယမအသင်း လေးသင်း၊ အသင်းသား ၇၀ ၏ နွေစပါးစိုက်ပျိုးကေ ၅၀၀ စိုက်ပျိုး ထားရှိသည့်အနက် ငါးခုအိုင် ကျေးရွာ ငွေလမင်းစိုက်ပျိုးရေးနှင့် အထွေထွေ သမဝါယမအသင်းမှ အသင်းသားတောင်သူ ဦးရဲနိုင်၏ ရေဆင်းပေါ်ဆန်း-၂ စပါး မျိုးစေ့ ထုတ်စိုက်ခင်း ဖြစ်ထွန်းအောင်မြင် နေမှုအား မြို့နယ်သမဝါယမ ဦးစီးဌာနနှင့် မြို့နယ်သမဝါယမ အသင်းစုမှ တာဝန်ရှိသူများက သွားရောက်ကွင်းဆင်းကြည့်ရှုပြီး လိုအပ်သည်များကို ပူးပေါင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရ သည်။

သတင်းစဉ်

ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် မတ် ၃၁

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ "PDF လူငယ်တွေကို ခုတုံးလုပ်ခဲ့တဲ့ နွေဦးတော်လှန်ရေးကြီး ဇာတ်သိမ်းလေပြီ" ခေါင်းစဉ်ဖြင့် ဧပြီ ၁ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဧပြီ ၈ ရက် မွန်းလွဲ ၁ နာရီတွင် "ပြည်တွင်းဓာတ်အားလိုင်းများ၊ တာဝါတိုင်များ၊ လမ်း/တံတားများ၊ အဆောက်အအုံများ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများကို မိုင်းခွဲမီးရှို့ဖျက်ဆီးနေတဲ့ PDF အကြမ်းဖက်သမားများ" ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်သည်။ အထက်ပါအစီအစဉ်အား အပတ်စဉ် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်း ၀၉-၈၉၉၀၉၉၅၅၈ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

သတင်းစဉ်

ဟားခါးမြို့၌ ၂၀၂၆ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်အတွက် ယိမ်းအဖွဲ့များ အကလေ့ကျင့်

ဟားခါး မတ် ၃၁

ဟားခါးမြို့၌ ၂၀၂၆ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်အတွက် ယိမ်းအဖွဲ့များက မတ်လတတိယပတ်မှစ၍ အဖွဲ့လိုက် ယိမ်းအကများ လေ့ကျင့်လျက်ရှိရာ ယနေ့တွင် ဆက်လက်လေ့ကျင့်နေကြသည်။

ဟားခါးမြို့တွင် ၂၀၂၆ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို ချင်းပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး ယိမ်းအကအဖွဲ့ ရှစ်ဖွဲ့ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ ခရိုင် (ပြန်/ဆက်)

ကလောမြို့၌ ၂၀၂၆ ခုနှစ် နွေရာသီ အခြေခံအားကစားသင်တန်းဆင်းပွဲကျင်းပ

ကလော မတ် ၃၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် ၂၀၂၆ ခုနှစ် နွေရာသီအခြေခံအားကစားသင်တန်းဆင်းပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက မြို့နယ်အားကစားခန်းမ၌ ကျင်းပသည်။

ဦးစွာ ကလောမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသိန်းက သင်တန်းဆင်းပွဲ အမှာစကား ပြောကြားသည်။ ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများက သင်တန်းနည်းပြဆရာ ဆရာမနှင့် သင်တန်းသား သင်တန်းသူများအား ဂုဏ်ပြုဆွေး၊ သင်တန်းဆင်းလက်မှတ်တို့ကို ပေးအပ်ချီးမြှင့်ပေးခဲ့သည်။

နွေရာသီအခြေခံအားကစားနည်းသင်တန်းများဖြစ်သည့် ဘောလုံး၊ ကြက်တောင်၊ တိုက်ကွမ်ဒို၊ မြန်မာ့သိုင်းနှင့် လက်ဝှေ့အားကစားနည်းများကို မတ် ၁၀ ရက်မှ ၃၀ ရက်အထိ အခမဲ့ ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

မြိတ်မြို့၌ မြို့နယ်ဘောလုံးအဖွဲ့ချုပ်ဖလား ကလပ်ပေါင်းစုံ အသက် ၁၈ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

မြိတ် မတ် ၃၁

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မျိုးဆက်သစ် ဘောလုံးအားကစားသမားများ မွေးထုတ်ပေးနိုင်ရေးအတွက် ရေပုန်းရပ်ကွက်ရှိ မြို့နယ်ဘောလုံးကွင်းတွင် ကျင်းပလျက်ရှိသော မြိတ်မြို့နယ် ဘောလုံးအဖွဲ့ချုပ်ဖလား ကလပ်ပေါင်းစုံ အသက် ၁၈ နှစ်အောက်အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယမန်နေ့က ကျင်းပသည်။

ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ကြယ်တံခွန်ကလပ်အသင်းနှင့် အလင်းရောင်ကလပ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အားကစားဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများက ကြည့်ရှုအားပေးကြသည်။ ပြိုင်ပွဲတွင် ကြယ်တံခွန်ကလပ်အသင်းက အလင်းရောင်ကလပ်အသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ ပြိုင်ပွဲတစ်လျှောက် တာဝန်ယူဆောင်ရွက်ပေးသည့် ဒိုင်လူကြီးများအား ဂုဏ်ပြုမှတ်တမ်း၊ အကောင်းဆုံးအားကစားသမားဆု၊ ရှေ့တန်း၊ အလယ်တန်း၊ နောက်တန်းနှင့် ဂိုးသမားအကောင်းဆုံး ဆုရရှိကြသူများအား ဆုတံဆိပ်များ၊ ပြိုင်ပွဲတွင် ဒုတိယနှင့် ပထမဆုရရှိသော အားကစားသမားများအား လည်ဆွဲဆုများနှင့် ဂုဏ်ပြုဆုငွေများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြိုင်ပွဲတွင် ပထမဆုရရှိသော ကြယ်တံခွန်ကလပ်အသင်းအား မြိတ်မြို့နယ် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးပြည်ဟိန်းကျော်က တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်သည်။ အဆိုပါပြိုင်ပွဲကို မတ် ၂၀ ရက်မှ ၃၀ ရက်အထိ ကျင်းပခဲ့ပြီး ပြိုင်ပွဲဝင်အသင်း ၅၆ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

ခိုင်ထူး (ပြန်/ဆက်)

မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး ဆောင်ရွက်

ပေါက်ခေါင်း မတ် ၃၁

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်၌ ၁၃၈၆ ခုနှစ် မဟာသင်္ကြန်ပွဲတော်ကာလအတွင်း မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများနှင့် အညီ အတာရေသဘင်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ယိမ်းအကတိုက်ခြင်းကို ပေါက်ခေါင်းမြို့နယ် မီးသတ်ဦးစီးဌာန အစည်းအဝေးခန်းမ၌ ယမန်နေ့ညနေ ၆ ပိုင်းမှစ၍ လေ့ကျင့်မှုများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါယိမ်းအဖွဲ့က မဟာသင်္ကြန်ပွဲတော်ကာလတွင် ဗဟိုမဏ္ဍပ်၌ ကျင်းပမည့် ယိမ်းအကပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး မြို့နယ်မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းမိသားစုများက အဖွဲ့လိုက် အားသွန်ခွန်စိုက် လေ့ကျင့်လျက်ရှိရာ သက်ဆိုင်ရာတာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိပြီး ယခုနှစ် မဟာသင်္ကြန်ပွဲတော်ကာလတွင် ပေါက်ခေါင်းမြို့နယ်၌ ယိမ်းအဖွဲ့ ၁၁ ဖွဲ့ဖြင့် ပါဝင်ဖျော်ဖြေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဖုန်းကျော်ဇင်(ပြန်/ဆက်)

ပန်းတောင်းမြို့နယ်၌ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး ယိမ်းအဖွဲ့များ ကြိုတင်လေ့ကျင့်

ပန်းတောင်း မတ် ၃၁

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်၌ ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ရိုးရာ ယဉ်ကျေးမှုအစဉ်အလာနှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာယိမ်းအဖွဲ့များနှင့် ရပ်ကွက်၊ ကျေးရွာများမှ ယိမ်းအဖွဲ့များက ကြိုတင်လေ့ကျင့်မှုများကို အထက (ပန်းတောင်း) ကျောင်းစာကြည့်တိုက်အတွင်း၌ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ လေ့ကျင့်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဆရာ ဆရာမများ၊ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများနှင့် ရပ်ကွက်နေပြည်သူများ စုပေါင်းကာ မြန်မာ့ရိုးရာယဉ်ကျေးမှုကို ဖော်ထုတ်နိုင်သည့် သင်္ကြန်တေးသံသာများ၊ အကအလှများဖြင့် ကပြဖျော်ဖြေနိုင်ရန်အတွက် နေ့စဉ် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ လေ့ကျင့်လျက်ရှိသည်။

ပန်းတောင်းမြို့နယ်တွင် ယခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကာလအတွင်း ရေကစားမဏ္ဍပ်များ၊ စတုဒိသာကျွေးမွေးလှူဒါန်းမှုများနှင့်အတူ ယိမ်းအဖွဲ့များ၏ ကပြဖျော်ဖြေမှုများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

လပြည့်လင်း(ပြန်/ဆက်)

ငဖဲမြို့နယ် လျှပ်စစ်မှူးရုံးမှ မြို့နယ်လျှပ်စစ်မှူးဦးဆောင်သော ဝန်ထမ်းများနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်း၍ မြို့ပေါ်ရပ်ကွက်များနှင့် လူစည်ကားသောနေရာများ၌ ပြည်သူများ လျှပ်စစ်ကြောင့် မီးလောင်မှုမဖြစ်ပွားစေရေးအတွက် သတိပေးလက်ကမ်းစာစောင်များကို မတ် ၃၁ ရက် နံနက် ၁၀ နာရီက ဖြန့်ဝေစဉ်။ မယု(ငဖဲ)

❏ နိုင်ငံဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

အင်းလေးရေပေါ်သင်္ကြန်ပွဲတော် ရိုးရာအစဉ်အလာများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

ညောင်ရွှေ မတ် ၃၁

ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်အပန်းဖြေနိုင်ရန်၊ ခရီးသွားလုပ်ငန်းကို တိုးမြှင့်နိုင်ရန်နှင့် တစ်မူထူးခြားသည့် အင်းသားတိုင်းရင်းသားတို့၏ ဓလေ့စရိုက်များကို ဖော်ထုတ်ပြသနိုင်ရန် ရည်ရွယ်၍ ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အင်းလေးရေပေါ်မဟာသင်္ကြန်ကို ဧပြီ ၁၃ မှ ၁၆ ရက် အထိ အင်းလေးရေလယ်ဧည့်ခန်းမ၌ လေးရက်တိုင်တိုင် ရိုးရာအစဉ်အလာများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ အင်းလေးရေပေါ် သင်္ကြန်ပွဲတော်တွင် ဂီတပညာရှင်များနှင့် အင်းလေးဒေသအတွင်းရှိ အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအကအဖွဲ့များ၊ ယိမ်းအကအဖွဲ့များ၏ အကအလှများ ပါဝင်မည်ဖြစ်ပြီး ရေလယ်ဧည့်ခန်းမရှေ့ မျက်နှာစာတွင် ပျော်ရွှင်စွာ ရေကစားနိုင်ရန်အတွက် ရေဖျန်းပက်ပိုက်ငယ်များ ပြင်ဆင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်းအယ်ဘဲ

မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး ဆောင်ရွက်

မော်လမြိုင် မတ် ၃၁

မော်လမြိုင်မြို့နယ်အတွင်း လမ်းလျှောက်သင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ရာ ဗဟိုမဏ္ဍပ်ဆောက်လုပ်ခြင်း၊ လမ်းလျှောက်သင်္ကြန်၊ သနပ်ခါးသင်္ကြန်၊ လက်ဖက်သင်္ကြန်၊ ထမနဲသင်္ကြန်များပြုလုပ်ခြင်း၊ ရေကစားမဏ္ဍပ်များဆောင်ရွက်ခြင်း၊ စတုဒိသာကျွေးမွေးခြင်းနှင့် နှစ်ဆန်းတစ်ရက်နေ့တွင် ပရိတ်တရားတော်နာယူခြင်း၊ သက်ကြီးဘိုးဘွားပူဇော်ခြင်းနှင့် ဇီဝိတဒါန ငါးလွှတ်ခြင်းများ ကျင်းပသွားမည်ဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်(ဗဟို)မဏ္ဍပ်၌ ဖျော်ဖြေရေးယိမ်းများ၊ ပြိုင်ပွဲဝင်ယိမ်းများဖြင့် အလှည့်ကျ ဖျော်ဖြေတင်ဆက်ယှဉ်ပြိုင်သွားမည်ဖြစ်ရာ ဖျော်ဖြေရေးယိမ်းနှင့် ပြိုင်ပွဲဝင်ယိမ်းများမှ လှပျိုဖြူများက မြန်မာ့ရိုးရာသင်္ကြန်တွင် ညီညာစွာ ဖျော်ဖြေနိုင်ရေးအတွက် ယိမ်းအကများကို ပြည်နယ်ထွေ/အုပ်၊ ကြာအင်းကျေးရွာ မြိုင်သာယာရပ်ကွက်၊ ပန်းပဲတန်းရပ်ကွက်တို့တွင် လေ့ကျင့်လျက်ရှိကြောင်း သိရသည်။

ခင်စန်းမြင့် (ပြန်/ဆက်)

ကော့သောင်းမြို့၌ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး ဆောင်ရွက်

ကော့သောင်း မတ် ၃၁

တနင်္သာရီ တိုင်းဒေသကြီး ကော့သောင်းမြို့နယ်၌ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိသည်။

ကော့သောင်းမြို့၌ (ဗဟို) သင်္ကြန်မဏ္ဍပ်ကို ကော့သောင်းမြို့ ဘုရင့်နောင်ရပ်ကွက် ကမ်းနားလမ်းရှိ ဆိပ်ကမ်းသာပန်းခြံရှေ့တွင် ထားရှိမည်ဖြစ်ကြောင်း၊ လမ်းလျှောက်သင်္ကြန်ကို ဘုရင့်နောင်ရပ်ကွက် ကမ်းနားလမ်းတစ်လျှောက်တွင် ဆောင်ရွက်သွားမည်ဖြစ်ပြီး ရပ်ကွက်များတွင် ဖျော်ဖြေရေးမဏ္ဍပ်များ၊ ဧည့်ခံရေးမဏ္ဍပ်များနှင့် ရေကစားမဏ္ဍပ်များကို တည်ဆောက်ပြီး စတုဒိသာမဏ္ဍပ်များကို ဆောင်ရွက်မည်ဖြစ်ကြောင်း၊ သင်္ကြန်ပွဲတော်တွင် အများပြည်သူများ အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲနိုင်ရေး၊ သရုပ်ပျက်ယဉ်ကျေးမှုမပါရှိစေရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရပ်ကွက်အလိုက် ယိမ်းအကအဖွဲ့များဖြင့် ပြိုင်ပွဲကျင်းပဆောင်ရွက်နိုင်ရေး ကြိုတင်ဆောင်ရွက်လျက်ရှိကြောင်းနှင့် နှစ်ဆန်းတစ်ရက်နေ့တွင် ဇီဝိတဒါန ငါးလွှတ်ပွဲများ၊ သက်ကြီးပူဇော်ပွဲများ၊ အန္တရာယ်ကင်းပရိတ်တရားတော် ရွတ်ဖတ်ပူဇော်ပွဲများ ဆောင်ရွက်နိုင်ရေးအတွက် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ဖြစ်မြောက်ရေးကော်မတီဝင်များ၊ သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများ၊ မြို့မိမြို့ဖများက ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

တောင်တွင်းကြီးမြို့နယ်၌ မီးဘေးသင့်ပြည်သူအား ထောက်ပံ့ပစ္စည်း ၁၈ မျိုးနှင့် အလှူငွေပေးအပ်

တောင်တွင်းကြီး မတ် ၃၁

တောင်တွင်းကြီးမြို့နယ် ရွှေညောင်ပင်ကျေးရွာ မီးဘေးသင့်ပြည်သူအတွက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့ပစ္စည်း ၁၈ မျိုးနှင့် အလှူငွေပေးအပ်ခြင်းကို ယမန်နေ့က ပြုလုပ်ခဲ့သည်။

ထိုသို့ပေးအပ်ရာတွင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သန်းသန်းစိုးနှင့် ဝန်ထမ်းများ၊ ကျွဲကန်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဘိုဝင်းတို့က မီးလောင်မှုဖြစ်ပွားခဲ့သည့် ကျွဲကန်ကျေးရွာအုပ်စု ရွှေညောင်ပင်ကျေးရွာမှ မီးဘေးသင့်အိမ်ထောင်စုအား အလှူငွေကျပ် ၁၀၅၀၀၀ နှင့် ထောက်ပံ့ပစ္စည်း ၁၈ မျိုးတို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

နောင်နောင် (ဗိသနိုးမြေ)

တွံတေးမြို့နယ်၌ နွေရာသီအခြေခံအင်္ဂလိပ်စကားပြော သင်တန်းဆင်းပွဲကျင်းပ

တွံတေး မတ် ၃၁

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်၌ အခြေခံအင်္ဂလိပ်စကားပြောသင်တန်းကို တစ်လအကြာ ဖွင့်လှစ်သင်ကြားခဲ့ရာ သင်တန်းဆင်းပွဲကို ယနေ့နံနက် ၁၀ နာရီက လူထုအခြေပြုဇဟိုဌာနခွဲ ကျင်းပသည်။

ဦးစွာ တွံတေးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းရီ၊ အင်္ဂလိပ်စကားပြော သင်တန်းနည်းပြဆရာမ ဒေါ်ရွှန်းလတ်လဲ့က သင်တန်းဆင်းအမှာစကား ပြောကြားခဲ့သည်။ ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဖြူဖြူဝင်းက သင်တန်းဖွင့်လှစ် ဆောင်ရွက်ရခြင်း၏ အကျိုးကျေးဇူးများနှင့် ကျေးဇူးတင်စကား ပြောကြားခဲ့ပြီး သင်တန်းဆရာမများအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

ထို့နောက် သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား တွံတေးခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဇော်ယမင်းဦးက ပေးအပ်သော ပထမဆု ငွေကျပ် ၅၀၀၀၀၊ ဒုတိယဆု ငွေကျပ် ၃၀၀၀၀၊ တတိယဆု ငွေကျပ် ၂၀၀၀၀ ကို ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ကိုယ်စားမြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်သည်။

အဆိုပါ အခြေခံအင်္ဂလိပ်စကားပြောသင်တန်းကို မတ် ၄ ရက်မှ ၃၁ ရက်အထိ အခမဲ့ဖွင့်လှစ်သင်ကြားခဲ့ရာ ကျောင်းသားကျောင်းသူ ၃၁ ဦး တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။

မျိုးလှိုင်(တွံတေး)

ရိုးရာအတာသင်္ကြန်ပွဲတော်ကာလ ကျန်းမာရေးအသိပေးနှိုးဆော်ချက်

၂၀၂၆ ခုနှစ် ရိုးရာအတာသင်္ကြန်ပွဲတော်တွင် မိဘပြည်သူများ ကျန်းမာရေးနှင့်အညီ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြနိုင်ရေး အောက်ဖော်ပြပါ ကျန်းမာရေးအသိပေးချက်များကို သတိပြုလိုက်နာဆောင်ရွက်ပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(က) အပူဒဏ်အန္တရာယ်မှကာကွယ်ရန်အတွက် နေ့လယ်ပိုင်းနေရောင်ပြင်းထန်ချိန်တွင် အရိပ်ရသည့်နေရာများတွင် နားနေပါ။ အပြင်ထွက်ပါက (ထီး၊ ဦးထုပ် စသည်) တို့ကို အသုံးပြုပါ။ ရေဓာတ်ခန်းခြောက်မှုမှ ကာကွယ်ရန် သန့်ရှင်းသည့်သောက်ရေကို မကြာခဏသောက်ပါ။ အရက်သောက်သုံးခြင်းသည် အပူဒဏ်အန္တရာယ် ပိုမို ပြင်းထန်စွာခံစားရနိုင်သည်ကို အထူးသတိပြုပါ။

(ခ) ရေမှတစ်ဆင့် ကူးစက်တတ်သောရောဂါများမှ ကြိုတင်ကာကွယ်ရန်အတွက် ရေကစားရာတွင် သန့်ရှင်းသော ရေကိုသာ အသုံးပြုနိုင်ရေးဆောင်ရွက်ပါ။ ရေကစားရာတွင် အသုံးပြုသောရေကို သောက်ခြင်းမပြုသင့်ပါ။ ရေကစားရာတွင် မျက်လုံး၊ နာ၊ ပါးစပ်ထဲသို့ ရေများမဝင်အောင် သတိပြုပါ။ ဖိအားမြင့် အားပြင်းသည့်ရေပန်းဖြင့် မျက်နှာကို တိုက်ရိုက်ပက်ခြင်းမှ ရှောင်ကြဉ်ပါ။

(ဂ) ထိခိုက်ဒဏ်ရာနှင့်မတော်တဆမှုများ ကာကွယ်ရန်အတွက် စိုစွတ်လျက်ရှိသော လမ်းများတွင် ချော်လဲနိုင်၍ သတိထားပါ။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာပါ။ အရက်သေစာသောက်သုံး၍ ယာဉ်မောင်းနှင်ခြင်းမှ လုံးဝရှောင်ကြဉ်ပါ။

(ဃ) တစ်ကိုယ်ရေသန့်ရှင်းရေးကောင်းမွန်ရန် လက်များကို မကြာခဏဆေးကြောပါ။ လတ်ဆတ်ပြီး သန့်ရှင်းသော အစားအစာများကိုသာ စားသုံးပါ။ အစားအသောက် ရောင်းချသူများအနေဖြင့် တစ်ကိုယ်ရေသန့်ရှင်းရေး သတိပြု ဆောင်ရွက်ပါ။ အစားအစာများကို ယင်နားခြင်းနှင့် အခြားအညစ်အကြေးများ မဝင်ရောက်နိုင်ရန် စနစ်တကျ ဖုံးအုပ်ပါ။

(င) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်းနှင့် ထိခိုက်ဒဏ်ရာ တစ်စုံတစ်ရာရရှိပါက နီးစပ်ရာ ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်း သို့မဟုတ် ပြည်သူ့ဆေးရုံသို့ အမြန်ဆက်သွယ်၍ ဆေးကုသမှုခံယူပါ။

ကျန်းမာရေးဝန်ကြီးဌာန

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၆)၊ မြေကွက်အမှတ်(၁၃၀) ဟု ခေါ်တွင်သော မြေအလျား ၃ အနဲ့(၄၀ x ၆၀)ပေရှိ မြေချပ်ပါစစ်မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလအမည်ပေါက် ဦးသန်းအောင်(SDY-၀၁၉၀၂၄)ကွယ်လွန်သဖြင့် ၄င်း၏ဇနီးဖြစ်သူ ခေါ်အေးအေးဝင်း (KTN-၀၁၈၃၁၇) ထံမှ အရောင်းအဝယ်စာချုပ်စာတမ်းဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ခေါ်ဝှေ့မံဘဘီ (၃/ကသတ(နိုင်)၁၀၅၁၁၉) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ခေါ်ဆွင်လမ်းသဲ (၅/ကလထ(နိုင်)၁၃၀၁၄၄) က အရောင်းအဝယ်စာချုပ်စာတမ်းဖြင့် အပြီး အပိုင် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး အဆိုပါ မြေကွက်အပါအဝင် အခြားဆက်ခံစားချုပ်စာတမ်းနှင့် စာရွက်စာတမ်း များကို လက်ရောက်လက်ခံ လွဲပြောင်းရယူပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါ၍ အဆိုပါ မြေကွက်သည် ကျွန်ုပ်၏မိတ်ဆွေတစ်ဦးတည်းမှသာ ပိုင်ဆိုင်ပါကြောင်းနှင့် စီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဝင်းသူရစော်(LL.B)	ခေါ်ယမင်းထွေး(LL.B)	ဦးစံလွင်ဟ(LL.B)
အထက်တန်းရှေ့နေ (စဉ်-၄၂၀၆၆)	တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၀၆၇)	အထက်တန်းရှေ့နေ (စဉ်-၂၆၃၀၆)

အမှတ် (၁၀၁)၊ ကံကော်မြိုင် (၂) လမ်း၊ (၃၃) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊
ဖုန်း-၀၉-၇၇၇၇၇၁၂၊ ၀၉-၄၅၆၆၃၇၇၆၊ ၀၉-၉၇၁၀၂၁၁၁

ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(လှိုင်သာယာ/သာမန(၁၎)) မြေကွက်အမှတ်-၅၁၁(က)၊ မြေကွက်ဝင်ဝိစာ အမှတ်-၅၁၁(က)၊ ဝေဖုလွှဲ(၁)ဝင်း။ (၂၀)ရပ်ကွက်၊ လှိုင်သာယာ(အနောက်)မြို့နယ် ခေါ်တွင်သော (၀၆၂၀-၀၆၆၀)ရှိ ယိမ်းမြေကွက်နှင့်တက္ခ နေအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်ကို ပိမိအမည်ပေါက် တရားဝင်လက်ရှိထားပိုင်ဆိုင်ပြီး အနှစ်အရှည်ကင်းကြောင်း၊ တာဝန်ယူကာမ်းလုပ်ရောင်းချသူ **ဦးဆင်မြင့်** (၁၂/လမန(နိုင်)၀၀၀၆၂၄) ထံမှ ကျွန်ုပ်အပါအဝင် အပြီအပိုင်ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ ယင်းရောင်းအဝယ်ကိစ္စအပေါ် တစ်စိတ်တစ်ပိုင်းကို စရန်ငွေအဖြစ်ပေးချေခြင်းဖြစ်ပါသည်။ ယင်းအရောင်းအဝယ်ကိစ္စအပေါ်ကန့်ကွက်လိုသူ မည်သူမဆို ဤကြော်ငြာသိရှိသည့်နေ့မှ(၁၄)ရက်အတွင်း ကျွန်ုပ်ထံ ပိုင်ဝှေ့သော တရားဝင်စာရွက်စာတမ်းအထောက်အထား မူရင်းများ ပြသ၍ ကိုယ်တိုင်ဟုတ်ကြောင်းကို အထောက်အထားပြနိုင်ပါသည်။ သတ်မှတ်ရက်ရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ရောက်လာပါက ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဘဏ်ခွင့်ပြုချက်ရရှိပါက အရောင်းအဝယ်ကို ဘဏ်ခွင့်ပြုချက်ရရှိပါက အရောင်းအဝယ်ကို အပြီးတိုင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဒင်မောင်ညွန့်(B.A,B.R.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၅၄၆၉/၂၀၀၆)
အမှတ်-၄၃(ခ) သာစည်လမ်း၊
(၁၀)ရပ်ကွက်၊ ရွှေဥည်သာမြို့။
ဖုန်း- ၀၉၅၀၈၄၂၁၅

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဖျိုင်းရွာမရပ်ကွက်၊ ဖျိုင်းရေအိုင်စေ့လမ်း၊ အမှတ် (၁၉)၊ မြေဧရိယာ(A) (ခေါင်းရင်းခြမ်း)တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှေ့အနှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ခေါ်မြဲမြင်း (၁/သဃက(နိုင်)၀၂၄၀၇၁) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးဆောင်းကူရွေ (၁/ကတတ(နိုင်)၀၃၀၅၇၃) (ကိုယ်စား) ဦးချစ်ကိုလေး (၆/ထဝန(နိုင်)၁၇၃၄၇၀)က အပြီးအပိုင်ဝယ်ပြောင်းဝယ်ယူရန် စရန်ငွေ ပေးချထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ခေါ်သိမ့်သူလှိ(LL.B,LL.M)
အထက်တန်းရှေ့နေ (စဉ်-၅၆၈၈၇)
တိုက်(၁၀/ဘ၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၄၂၂၂၀၆၆၇

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃၀)၊ သရေစတ္တရာလမ်း၊ မြေကွက်အမှတ် (၂၁၇)၊ အကျယ်အဝန်း (၄၀၀ × ၆၀၀)ပေရှိ ဦးချစ်ဝမ်း (၁၃/တကန (နိုင်) ၁၂၀၈၁၅) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ခေါ်နန္ဒဘီး (၁၂/ဒဂမ (နိုင်) ၀၁၃၆၈၉) ထံမှ ကျွန်မ ခေါ်မျိုးနန္ဒဝင်း (၁၀/မလမ (နိုင်) ၁၇၅၈၁၆)က ဝယ်ယူရန် အတွက်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုမထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ခေါ်ဖျိုနန္ဒဝင်း (၁၀/မလမ (နိုင်) ၁၇၅၈၁၆)
၀၉- ၂၅၄ ၈၈၈ ၁၃၉

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် သာမန-၁၀၊ ပေါ်ဆန်းမြေ- (၆)လမ်း၊ (၁၂) ရပ်ကွက်၊ မြေကွက်အမှတ် (၂၉၀/ခ)။ ခေါ်လှသန်း (CG-၁၆၆၇၄၁) အမည်ပေါက် (အလျားပေ ၂၀ X အနံပေ ၆၀) အကျယ်မြေကွက်ပေါ်ရှိ ခေါင်းရင်းခြမ်း (အလျား ၁၀ပေ X အနံပေ ၆၀) နှင့် အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား လုံးတို့ကို လက်ရှိပိုင်ဆိုင်ပြီး နေအိမ်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးဝင်းထိုက်(၆/ထဝန(နိုင်)၀၈၂၄၃၀) က ဝန်ခံကြောင်းဆို ရောင်းချရန်ကမဝဲးလှုင်းသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေကလည်း အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေပေးချေ ထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း တိကျမှိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင် ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။ သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ခေါ်ခင်မြင့်ချို(တရားလွှတ်တော်ရှေ့နေ) စဉ် -၁၅၈၉၁/၃-၉-၂၀၁၉
အမှတ် ၉၀ဂ၊ ပီတောက်လမ်း၊ (၄၅) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-09-256578606, 09-892711100

ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၁၄)၊ မြေကွက်အမှတ်-၅၁၁(က)၊ မြေကွက်ဝင်ဝိစာ အမှတ်-၅၁၁(က)၊ ဝေဖုလွှဲ(၁)ဝင်း။ (၂၀)ရပ်ကွက်၊ လှိုင်သာယာ(အနောက်)မြို့နယ် ခေါ်တွင်သော (၀၆၂၀-၀၆၆၀)ရှိ ယိမ်းမြေကွက်နှင့်တက္ခ နေအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်ကို ပိမိအမည်ပေါက် တရားဝင်လက်ရှိထားပိုင်ဆိုင်ပြီး အနှစ်အရှည်ကင်းကြောင်း၊ တာဝန်ယူကာမ်းလုပ်ရောင်းချသူ **ဦးဆင်မြင့်** (၁၂/လမန(နိုင်) ၀၀၀၆၂၄) ထံမှ ကျွန်ုပ်အပါအဝင် အပြီအပိုင်ဝယ်ယူရန် စရန်ငွေ ပေးချထားပြီးဖြစ်ပါသည်။ ယင်းအရောင်းအဝယ်ကိစ္စအပေါ် တစ်စိတ်တစ်ပိုင်းကို စရန်ငွေအဖြစ်ပေးချေခြင်းဖြစ်ပါသည်။ ယင်းအရောင်းအဝယ်ကိစ္စအပေါ်ကန့်ကွက်လိုသူ မည်သူမဆို ဤကြော်ငြာသိရှိသည့်နေ့မှ(၁၄)ရက်အတွင်း ကျွန်ုပ်ထံ ပိုင်ဝှေ့သော တရားဝင်စာရွက်စာတမ်းအထောက်အထား မူရင်းများ ပြသ၍ ကိုယ်တိုင်ဟုတ်ကြောင်းကို အထောက်အထားပြနိုင်ပါသည်။ သတ်မှတ်ရက်ရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ရောက်လာပါက ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဘဏ်ခွင့်ပြုချက်ရရှိပါက အရောင်းအဝယ်ကို အပြီးတိုင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဒင်မောင်ညွန့်(B.A,B.R.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၅၄၆၉/၂၀၀၆)
အမှတ်-၄၃(ခ) သာစည်လမ်း၊
(၁၀)ရပ်ကွက်၊ ရွှေဥည်သာမြို့။
ဖုန်း- ၀၉၅၀၈၄၂၁၅

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ ခေသဝိရိရုပ်ကွက်၊ ကွင်းအမှတ်(၁၇/ဂ) ခေသဝိရိရုပ်)၊ ဦးပိုင်အမှတ်(၄၁)။ မြေဧရိယာ(၀.၃၆၂)ကေရိုဂြမြေကွက်သည် မူလက ခေါ်လှဲရိုလင်း၊ ခေါ်ရင်ဖိန်းအမည်ဖြင့် (၁၉-၉-၂၀၄၇) ရက်အထိ မြေငှား ဂရန်သက်တမ်းရရှိထားသော မြေကွက်ဖြစ်ပြီး၊ ဂရန်အမည်ပေါက်သူ ခေါ်လှဲရီလင်း၊ ခေါ်ရင်ဖိန်းတို့ထံမှ ဦးပိုင်(၄၁/ခ)၊ မြေဧရိယာ(၀.၀၅၁) ကေအပိုင်းကို ခေါ်လျှိရုင်ဖုန်က (၁၀-၁၁-၂၀၂၅) ရက်စွဲပါစာချုပ်မှတ်ပုံတင် အမှတ်(၄၁၉/၂၀၂၅)ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ယခုအခါ ခေါ်လျှိရင်ဖုန် ၁/မကန(ဧည့်)၀၀၁၂၄၄ အမည်ဖြင့် ဦးပိုင်ခွဲအမည်ပြောင်း ပြောင်းကရန် အသစ်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျူးကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြခွင့်ရှိသူမည်သူမဆို ယခု လျှောက်ထားခြင်းအား ဆောင်ရွက်မည်ပေးသင့်ကြောင်း ယခုကြော်ငြာစာပါ သည့်ရက်မှစ၍ (၁၅)ရက်အတွင်းကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဝယ်ယူသူ အပေါ် ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြစ်ကြီးနားမြို့

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ မြို့သစ်(၆)ရပ်ကွက်နေ ဦးငွေလှနှင့် ခေါ်ငွေရှင်တို့၏သား မောင်မြင့်မြတ်အောင် (ခ)ဘန်ဒီနိုး (၆/မမန(နိုင်)၂၃၁၅၁၀ သည် မိဘများအား အကြိမ်ကြိမ်အခါခါ ရိုင်းပြစာ ပြောဆိုဆက်ဆံခြင်း၊ မိဘများ၏ ဆိုဆုံးမမှုကိုနာခံခြင်းမရှိသည့်အပြင် မိဘများ၏ ဂုဏ်သိက္ခာကျဆင်းအောင် ပြုလုပ်ပြီး၊ မိမိသောဘဆန္ဒအလျောက်နေ့အမိမှဆင်းသွားသည့်အတွက် ၂၇-၃-၂၀၂၆ ရက်မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် မည်သို့သော ကိစ္စမျိုးကိုမဆို လုံးဝ(လုံး၀) တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးငွေလှ၊ ခေါ်ငွေရှင်

ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊အမရဥာနီအရှေ့ရပ်ကွက်၊ အကွက် အမှတ်(၄၄)။ ဦးပိုင်အမှတ်(၅၇-ယ)။ ၁၀၀ဘဘြား။ ၇၇၄၇၈လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ခေါ်နီနိုင်း ၉/မနမ (နိုင်)၀၁၆၅၈၇ က အမှုတွဲအမှတ် (၅၉၈၀/၂၀၂၅-၂၀၂၆) ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်ငံသားအထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြဒီဇိုင်ကိုန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

သာစည်မြို့၊ အမှတ် (၅) ရပ်ကွက်၊ အကွက်အမှတ်နှင့်အရည် ၁၁-မြို့မအရှေ့၊ ဦးပိုင်အမှတ် (၆၇၊ မြေဧရိယာ (၀.၀၇၅) ဇကရို မြေကွက်သည် ခေါ်တင်တင်အုန်း (အမိ) ခေါ်ခင်ရွှေ အမည်ဖြင့် ၂၂-၁-၁၉၉၈ ရက်မှ ၂၁-၁-၁၉၉၈ ရက်ထိ (၁၀)နှစ် ဂရန်ရရှိထားပါသည်။ ဂရန်အမည်ပေါက်သူ ခေါ်ခင်ခင်ရွှေနှင့် ဦးမောင်မောင် တို့သည် တရားဝင်ဇနီးခင်ပွန်းများဖြစ်ကြပြီး အသိုးသီးကွယ်လွန်သွားကြပြီးဖြစ်ပါ သည်။ ၎င်းတို့၏အမွေဆက်ခံကျန်ရှိသူများဖြစ်သည့် ခေါ်တင်တင်အုန်း၊ ခေါ်တင် တင်လှ၊ ခေါ်တင်တင်ခွဲ့ တို့ (၃) ဦးမှ ကျွန်ုပ်သစ္စာ ကျိန်ဆိုချ စာချုပ်စာတမ်းရုံးတွင် မှတ်ပုံတင်ပြီး၊ မြေငှားဂရန်အသစ် လျှောက် ထားလာပါသည်။ အဆိုပါလျှောက် ထားလာမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ (၁၅) ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက် အထားများနှင့်အတူ လာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်သူမရှိပါက ဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ပါကြောင်း ကြေညာအပ်သည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မိတ္ထီလာခရိုင်

အများသိစေရန်နှင့်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ တပ်ကုန်းရပ်ကွက်၊ ကွင်း/အကွက် အမှတ်နှင့်အရည် (၁၀၊ ရာဒါပူမြောက်)။ ဦးပိုင်အမှတ် (N၅၆) မြေဧရိယာ (၀.၁၃၆၃)ဇကရိုမြေကွက်သည် စိန်ဖရန်စစ်ဇေးယား သီလရှင်ကျောင်း (RC) အမည်ဖြင့် မြို့မြေခွန်ပြေစာစည်းကြပ်လျက်ရှိပါသည်။ ယခုအခါ အဆိုပါမြေကွက်အား စိန်ဖရန်စစ်ဇေးယားသီလရှင်ကျောင်း(RC) အမည်ဖြင့် အနှန်းလွတ် သာသနာ့ဂရန် လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် တင်ပြသုမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၃၀)ရက် ပြည့် မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှု အား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ပါကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

ကော်လီတွော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြစ်ကြီးနားမြို့

ကိုပြည့်ဖြိုးအောင်နှင့် အများသိစေရန် ကြေညာချက်

ပျော်ဘွယ်မြို့နယ်၊ တောင်လည်အုပ်စု၊ သပြေပင်ကျေးရွာနေ (၁၁) ဦးဝင်းမြင့် ၏သမီး မမြဖုဝင်းမြ(၉/ပဘန(နိုင်)၂၁၁၆၅၅) ၏ လွှဲအပ်ညွှန်ကြားချက်အရ ခေသက် ဖော်ပြပါအတိုင်း ကိုပြည့်ဖြိုးအောင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်-

ပျော်ဘွယ်မြို့နယ်၊ တောင်လည်အုပ်စု၊ သပြေပင်ကျေးရွာနေ (၁၁) ဦးကြည်ငင်း ၏သား ကိုပြည့်ဖြိုးအောင် (၉/ပဘန(နိုင်)၁၇၀၀၁၅၄) ဦးဝင်းဖြင့်၏ သမီး မမြဖုဝင်းမြ (၉/ပဘန(နိုင်)၂၁၁၆၅၅) တို့သည် ပျော်ဘွယ်မြို့နယ် တရားသူကြီး ရေနေမှတ်၌ (၂၄-၃-၂၀၁၆) ရက်တွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်း ပြတ်စဲခဲ့ကြပြီးဖြစ်ပါသည်။ ကိုပြည့်ဖြိုးအောင် နှင့် မမြဖုဝင်းမြတို့ ပေါင်းသင်းစဉ်က နှစ်ဦးပိုင်ပစ္စည်းအဖြစ်-

၁။ (ဆွဲကြိုး(၄)ကုံး၊ ဆွဲသီး (၂)ခု၊ လက်စွပ်(၂)ကွင်း၊ လက်ကောက်(၈)ကွင်း၊ ဟန်းချိန်း(၁)ကွင်း၊ နှာဧွေသီး(၁)ရံ၊ ကလစ်(၂) ချောင်း) စုစုပေါင်းရွေ့ထည် (၁၂)ကျပ်သား

၂။ မိတ္ထီလာမြို့နယ်၊ မြင်းကန်အုပ်စု၊ ဆည်ကုန်းကွင်းအတွင်းရှိ-

(က) ဦးပိုင်အမှတ်-၂၂၄/၁ မြေကွက်အမှတ်-၅၅၄/၅၅၈၊ ဧရိယာ (၀.၁၁၀၈)ဧကရှိ မြေ(၁)ကွက်

(ခ) အရှေ့လားသော်-ခေါ်လှလွင်ပင်း၊ အနောက်လားသော်- မိတ္ထီလာ-ကျောက်ပန်းတောင်းလမ်း၊ တောင်လားသော်- Royal ဆီပန့်၊ မြောက် လားသော်-ခေါ်သီတာမြင့်အကွက်အတွင်းရှိ ပေ(၁၀၀x၀၀) ပတ်လည် မြေကွက် (၁) ကွက်

၃။ မိတ္ထီလာမြို့နယ်၊ ကတုံးဝပ်ရှောဆိပ်နှင့် မျက်နှာချင်းဆိုင် (HTILA FRESH စားသောက်ဆိုင်)၊ ကွင်းအမှတ်-၇၅၁ ကွင်းအမည်-ကျောက်တိုင်ပင်၊ ဦးပိုင်-၂၉၇/၁၀၀၊ ပေ၁၀၀ပတ်လည်မြေကွက်(၁)ကွက်တို့ဖြစ်ထွန်းခဲ့ပြီး အဆိုပါပစ္စည်းများသည် ယခုအခါ ကိုပြည့်ဖြိုးအောင်၏ လက်ဝယ်ကျန်ရှိနေပါသဖြင့် အဆိုပါ ပစ္စည်းများ အပေါ် ကိုပြည့်ဖြိုးအောင်မှ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ အခြားနည်း လွှဲပြောင်းဆောင်ရွက်ခြင်းများ မပြုလုပ်ရန် တားမြစ်အပ်ပါသည်။ ဖောက်ဖျက်ပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

မမြဖုဝင်းမြ၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမျိုးတင့်	ခေါ်ခင်ခွန်ဒီဇူး	ဦးခိုင်မင်းမိုး
(အထက်တန်းရှေ့နေ)	(တရားလွှတ်တော်ရှေ့နေ)	(အထက်တန်းရှေ့နေ)
စဉ်၁၀၇၃၃	စဉ်၁၄၂၁	စဉ်၂၅၄၆၃
မြဝတီရပ်ကွက်၊	ရှုမိပွဲရပ်၊	အနော်ရထာရပ်ကွက်၊
တပ်ကုန်းမြို့	ပျော်ဘွယ်မြို့	တပ်ကုန်းမြို့

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဘုရင့်နောင်ဈေး၏ အောက်ဖော်ပြပါဆိုင်ခန်းများမှ (၂)ဦးသဘောတူ အရပ်ကတိ အရောင်းအဝယ်စာချုပ်ပြုလုပ်ကြပြီး အမည်ပြောင်းလျှောက်ထားလာခြင်းအား (၁၄)ရက်အတွင်းနိုင်လှုံသော စာရွက်စာတမ်း အထောက်အထားများနှင့်တကွ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျန်ဆုံးသည့်တိုင်ကန့် ကွက်မည့်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

စဉ်	ရုံအမှတ်	ဆိုင်အမှတ်	မူလအမည်	လျှောက်ထားသူအမည်	မှတ်ပုံတင်အမှတ်	စာချုပ်ချုပ်ဆိုသည့်ရက်စွဲ
၁	က/၂	၁၀	ဦးသိန်းဝင်း	ဦးအောင်စိုး	၈/ပမန(နိုင်)၀၈၄၁၄၁	၂၅.၁၂.၂၀၂၅
၂	က/၅	၃	ဦးမိုဟာမက်ဟာရွတ်	ခေါ်နီနိုင်း	၇/ကတခ(နိုင်)၁၁၄၅၄၄	၁၀.၁.၂၀၂၆
၃	က/၅	၄	ဦးမိုဟာမက်ဟာရွန်	ခေါ်နီနိုင်း	၇/ကတခ(နိုင်)၁၁၄၅၄၄	၁၀.၁.၂၀၂၆
၄	က/၃၃	၉	ဦးဘီစွတ်	ဦးစိုးဝေယံသောင်း	၁၂/မဂတ(ပြု)၀၀၁၄၃၄	၃၀.၁၂.၂၀၂၅
၅	က/၂၂	၈	ခေါ်ကမလာ(ခ) လှလွင်း	ဦးကျော်ရွှေ	၁၂/တမန(နိုင်)၀၉၃၅၆၈	၃၀.၁၂.၂၀၂၅
၆	က/၂၈	၄	ဦးဂျနိုစင်(ခ) မာတင်	ဦးအောင်အောင်လွင်	၁၂/လမန(နိုင်)၁၇၄၃၈၃	၁၀.၆.၂၀၂၄
၇	က/၂၉	၁၁	ဦးဂျနိုစင်(ခ) မာတင်	ဦးအောင်အောင်လွင်	၁၂/လမန(နိုင်)၁၇၄၃၈၃	၁၀.၆.၂၀၂၄
၈	က/၂၆	၁၄	ခေါ်ထွေးအောင်	ဦးမြင့်ဦး	၁၂/မရက(နိုင်)၂၀၀၀၆၅	၂၀.၁.၂၀၂၆
၉	ခ/၂၁	၃	ဦးဇော်ဌေး	ခေါ်ကေသီ	၁၂/သဃက(နိုင်)၀၀၂၉၃၈	၁၉.၁၁.၂၀၂၃
၁၀	ခ/၂၁	၂	ခေါ်တင်နွယ်နွယ်ဦး	ခေါ်ကေသွယ်	၁၂/သဃက(နိုင်)၀၀၂၉၃၇	၁၉.၁၁.၂၀၂၃

ဈေးတာဝန်ခံ၊ ဘုရင့်နောင်ဈေး၊ ဖုန်း-၀၉-၇၉၉၂၉၉၃၅

ကမ္ဘာ့ဖလားပြိုင်ပွဲမတိုင်မီ ၇၂ ရက်အလိုတွင် ဂါနာက အော့တိုအတ်ဒိုကို နည်းပြအဖြစ်မှထုတ်ပယ်

ဂါနာအသင်းသည် ယခုနှစ်တွင်ကျင်းပမည့် ကမ္ဘာ့ဖလားပြ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း နေပြည်တော် လျှောက်လွှာခေါ်ယူခြင်း ကြော်ငြာစာအမှတ်(၁/၂၀၂၆) ၂၀၂၆ ခုနှစ် ၊ ဧပြီလ ၁ ရက်

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း လက်အောက်တွင် လစ်လပ်လျက်ရှိသော လစာနှုန်းကျပ် (၁၃၆၀၀-၂၀၀၀-၂၆၀၀)တန်း အငယ်တန်းအင်ဂျင်နီယာ(၂) (၁၅၉)နေရာအတွက် အောက်ဖော်ပြပါ အချိန်ဇယားသတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

စဉ်	ခန့်ထားမည့်ရာထူး	အနိမ့်ဆုံး	ခန့်ထားမည့်နှုန်းရေ		
		ပညာအရည်အချင်း	ကျား	မ	ပေါင်း
၁	အငယ်တန်း	A.G.T.I(EP)	၁၁၀	၅	၁၁၅
	အင်ဂျင်နီယာ(၂)	A.G.T.I(EC)	၁၅	၅	၂၀
	(လျှပ်စစ်/ဓာတ်မှု)	A.G.T.I(IT)	၁၀	၁၀	၂၀
၂	အငယ်တန်း	A.G.T.I(Civil)	၄	-	၄
	အင်ဂျင်နီယာ(၂)				
	(မြို့ပြ)				
	စုစုပေါင်း		၁၃၉	၂၀	၁၅၉

၂။ လျှောက်ထားသူသည် ၃၁-၅-၂၀၂၆ ရက်နေ့တွင် အသက်(၃၅)နှစ်(ဝန်ထမ်းဖြစ်ပါက (၄၀)နှစ်) ထက်မကျော်လွန်သူဖြစ်ရမည်။ ပြည်သူ့စစ်မှု ထမ်းတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ပြီး ပုံစံ(၁) ရရှိပြီးသူများသည် သတ်မှတ်ချက်များနှင့် ကိုက်ညီပါက ဌာနမှသတ်မှတ်အသက်ထက်(၃)နှစ် တိုးမြှင့်၍ လက်ခံပေးမည် ဖြစ်ပါသည်။

၃။ လျှောက်ထားလိုသူများသည်စာမေးပွဲဝင်ကြေး ငွေကျပ်၅၀၀၀/(ကျပ်ငါးထောင် တိတိ)ကို နေပြည်တော်မြန်မာ့စီးပွားရေးဘဏ်ရှိ ငွေစာရင်းအမှတ်(SEE-10316) သို့သေးသွင်းရမည်ဖြစ်ပါသည်။

၄။ လျှောက်လွှာကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ဗိမာန်ရုံခွဲရေးဌာန၊ ရုံးအမှတ်(၂၇) နေပြည်တော်တွင်ရယူ၍ (၈-၅-၂၀၂၆) ရက်နေ့ နေ့ကစ၍ နေ့ချင်းထားရှိ လူကိုယ်တိုင်(သို့မဟုတ်)ကိုယ်စားလှယ်ဖြင့် ပေးပို့လျှောက် ထားရမည်။ နိုင်ငံဝန်ထမ်းဖြစ်လျှင်လျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် ဌာန ထောက်ခံချက်ဖြင့်သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့်ခွင့်ပြုချက်ရယူ၍ပေးပို့ရမည် ဖြစ်ပါသည်။

၅။ ရေးဖြေစာမေးပွဲကို နေပြည်တော်တွင် (၆-၆-၂၀၂၆)ရက် နံနက်(၀၉:၀၀) နာရီတွင် အင်္ဂလိပ်စာဘာသာရပ်ကိုလည်းကောင်း ၊ မွန်းလွဲ (၁၃:၀၀) နာရီတွင် သက်ဆိုင်ရာအင်ဂျင်နီယာဘာသာရပ်ကို လည်းကောင်း ဖြေဆိုရမည်ဖြစ်ပါသည်။

၆။ ရေးဖြေစာမေးပွဲဖြေဆိုခွင့်ရရှိသူစာရင်းအား လျှပ်စစ်စွမ်းအားဝန်ကြီးဌာန Website www.moep.gov.mm တွင် (၂၇-၅-၂၀၂၆) ရက်နေ့မှစ၍ ဝင်ရောက်ကြည့်ရှုနိုင်ပြီး စာမေးပွဲဖြေဆိုခွင့် ကတ်ပြားအား (၁-၆-၂၀၂၆ မှ ၄-၆-၂၀၂၆) အထိ ရုံးချိန်အတွင်း ရုံးအမှတ်(၂၇) နေပြည်တော်တွင် ထုတ်ပေးမည်ဖြစ်ပါသည်။

၇။ လျှောက်ထားသူများအနေဖြင့်သတ်မှတ်ချက်များ ၊ ပူးတွဲပေးပို့ရမည့် အချက်အလက်များကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန Website www.moep.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်သိရှိလိုပါက လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ရုံးအမှတ်(၂၇) နေပြည်တော် (ဖုန်း၊ ၀၉-၉၄၃၀၄၈၉၂၂ ၊ ၀၉-၂၅၆၂၀၈၅၇၅ ၊ ၀၉-၆၆၄၀၅၃၇၃၀)တို့သို့ ဖုန်းဖြင့်ဖြစ်စေ ၊ လူကိုယ်တိုင်ဖြစ်စေ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း

ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့၊ အထက (ခမဲ့) G-11(A) မှ မအိအိသော် ၏ ဖခင်အမည်မှန်မှာ ဦးအေးမင်းဦး ၇ / လပတ(နိုင်ငံ) ၀၉၇၆၁၀ ဖြစ်ပါကြောင်း။

ဦးအေးမင်းဦး

မိခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ ထိန်ကန်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း (ခွဲ) (ထိန်ကန်) မှ Grade - 6 တွင် တက်ရောက်ပညာသင်ယူမည့် မခေသင်းရိပ်ဝေ ၏ မိခင်အမည်မှန်မှာ ခေါ်ခင်မိုးအေး ၉/၀တန(နိုင်ငံ)၁၈၆၈၄၄ ဖြစ်ပါကြောင်း။

ခေါ်ခင်မိုးအေး

ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1L/8894 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန(ရွာသာကြီး)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ် ၊ (၄)ရပ်ကွက်၊ မြို့ငယ်ဟော်အိမ်ရာ၊ တိုက်အမှတ်(၂) ၊ အခန်းအမှတ် (၂၀၁) အား အရည်ပေါက်ပိုင်ဆိုင်သူ ဦးထွန်းအေး(T/RGN-၀၀၆၆၃၉)က ၎င်းအရည်ဖြင့် ဌာနမှ ထုတ်ပေးထားသော အိမ်ငါးတက်ရောက်နေထိုင်ခွင့် အကြောင်းကြားစာ (မူရင်း) ပျောက်ဆုံးကြောင်း အထောက်အထားများတင်ပြ၍ မိတ္ထူမှန် ပြုလုပ်ပေးပါရန် တင်ပြလျှောက်ထားလာခြင်းကို ထုတ်ပေးရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၄) ရက်အတွင်း စာရွက်စာတမ်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘဂီမြို့သစ်၊ (၂) ရပ်ကွက်၊ ပုလဲသွယ်လမ်း၊ အမှတ်(၁၄၀/ခ)ဟုခေါ်တွင်သည့် အကျယ်အဝန်း ပေ(၃၀×၅၀)ရှိသော ဦးထွန်းရှိန့်(AA-၀၇၃၆၉၉)အမည်ပေါက် ပါမစ်မြေကွက် အနက် အကျယ်အဝန်း(၁၅၅၅၀)ပေရှိသော မြေကွက်(ခြေရင်းခြမ်း)နှင့် ယင်းမြေကွက်ပေါ်ရှိ (၁)ထပ်တိုက် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့ကို ပါမစ်အမည်ပေါက်ထံမှ အဆင့်ဆင့်အရပ်စာချုပ်များချုပ်ဆို၍ တရားဝင် ဝယ်ယူပိုင်ဆိုင်သူ ဦးဟိန်းဝေယာ(၁၀/မလမ(နိုင်)၂၄၉၄၄၇)ထံမှ ကျန်ငွေ၏မိတ်ဆွေဖြစ်သူ ဦးခင်လေးဝင်းထက် (၉/မထလ(နိုင်)၀၁၉၈၈၁) နှင့် ခေါ်နင်းနန္ဒာထက် (၉/မထလ(နိုင်)၃၁၉၈၇၉) တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့် (၁) ထပ်အိမ် အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား မူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဇော်လင်းထက်နှင့်ခေါ်နင်းနန္ဒာထက်ဏီလွှဲအပ်ညွှန်ကြားချက်အရ
ခေါ်ခိုင်သစ်ဝင်း(LL.B) (D.B.L) (D.I.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၉၄၄၄)
အမှတ် (၂၇၀)၊ ခေမာ(၂) လမ်း၊ (၄) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၉၇၄၆၀၀၈၉၉

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၄/မြောက်) ရပ်ကွက်၊ အောင်ဧေယျလမ်း၊ အမှတ်(၁၀၃/က)၊ အခန်းအမှတ်(စတုဒ္ဓထပ်) (၅-လွှာ) တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှေ့အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ခေါ်ခင်မြေ(၁/သကတ(နိုင်ငံ) ၀၁၇၄၈၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသော ဦးမြတ်သူဝင်း (၁/ပဇတ(နိုင်ငံ)၀၃၄၁၅၂၉) ခေါ်ခွန်မိုင်း (၇/မညန(နိုင်ငံ)၀၈၂၁၅၂၉)တို့က အပြီးအပိုင် လွှဲပြောင်း ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးရာဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့် ရက်မှစ၍ (၇) ရက်အတွင်း ခွင့်ပလ္လင်ာစာချုပ်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီး နောက်ပိုင်းကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ခေါ်စုစုခိုင် (LL.B)၊ ခေါ်ခင်စောသိန်း (LL.B) ခေါ်ဝိမိုသွယ်လီ (LL.B, LL.M)
(စဉ်-၁၁၅၃၃) (စဉ်-၁၃၂၈၆) (စဉ်-၅၆၈၈၇)
တရားလွှတ်တော်ရှေ့နေများ အထက်တန်းရှေ့နေ
တိုက် (၁၀/ဘ၂)၊ ပထမထပ်၊ အခန်း (၁၀၄/H)၊ ၃၅-လမ်း (အောက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၉ - ၄၄၃၀၂၆၁၀၉၉၊ ၀၉- ၇၃၀၂၆၁၀၉၉

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ အေးစေတီရပ်ကွက်၊ ကွင်းအမှတ် (၃၅/ဘ ဝက်ကုန်းရပ်)၊ ဦးပိုင်အမှတ်(၇၈/ဘ)။ မြေဧရိယာ (၀.၀၇၃)ကေရှိ မြေကွက်သည်မှလွဲ၍ ဦးပိုင်အမှတ်(၇၈/ဘ)။ အခန်းအမှတ် (၁၀၇)အား အပည်ပေါက် ပိုင်ဆိုင်သူ ဦးထွန်းအေး(T/RGN-၀၀၆၆၃၉)က ၎င်းအရည်ဖြင့် ဌာနမှ ထုတ်ပေးထားသော အိမ်ငါးတက်ရောက်နေထိုင်ခွင့် အကြောင်းကြားစာ (မူရင်း) ပျောက်ဆုံးကြောင်း အထောက်အထားများတင်ပြ၍ မိတ္ထူမှန် ပြုလုပ်ပေးပါရန် တင်ပြလျှောက်ထားလာခြင်းကို ထုတ်ပေးရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၄) ရက်အတွင်း စာရွက်စာတမ်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအမှတ်(၁၆က/၁၀)၊ အုတ်ကျင်းရွာ)။ ဦးပိုင်အမှတ် (၇၃)။ မြေဧရိယာ (၀.၀၅၅)ကေရှိ မြေကွက်သည် မူလက ဦးဖိုးထောင်အမည်ဖြင့် (၁၁-၁၀-၂၀၅၀)ရက်အထိ မြေငှားဂရန်သက်တမ်းရရှိထားသော မြေကွက်ဖြစ်ပြီး ဂရန်အမည်ပေါက်သူ ဦးဖိုးထောင်ထံမှ ခေါ်ငွေးခင်က (၈-၁၂-၂၀၂၅) ရက်စွဲပါစာချုပ် မှတ်ပုံတင် အမှတ်(၄၇၄/၂၀၂၅) ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယခုအခါခေါ်ငွေးခင် (၁/မမန(နိုင်)၀၃၂၀၀၆) အမည်ဖြင့် အပည်ပေါင်း မြေငှားရန် အသစ်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ဖိုင်လုံးစွာဖြင့် ကန့်ကွက်တင်ပြ ဖွင့်ပြောဆိုခဲ့ပြီး ယခုအခါခေါ်ငွေးခင် (၈-၁၂-၂၀၂၅) ရက်စွဲပါစာချုပ် မှတ်ပုံတင် အမှတ်(၄၇၄/၂၀၂၅) ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယခုအခါခေါ်ငွေးခင် (၁/သဃက(နိုင်)၀၃၂၀၀၆) အမည်ဖြင့် အပည်ပြောင်း မြေငှားရန် အသစ်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ဖိုင်လုံးစွာဖြင့် ကန့်ကွက်တင်ပြ ဖွင့်ပြောဆို

ရန်ကုန်အထိုင်လက္ကား မြေဩဇာရည်ညွှန်းဈေးနှုန်းများ သိရှိနိုင်ပါရန်ကြေညာခြင်း

၁။ ယူရီးယားမြေဩဇာယယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံမြေဩဇာ၊ မျိုးစေ့နှင့်စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း (MFSPEA)အနေဖြင့် တောင်သူများအဓိကသုံးစွဲလျက်ရှိသော အောက်ပါမြေဩဇာများကို ဖော်ပြပါဈေးနှုန်းအတိုင်း ရန်ကုန်အထိုင်လက္ကား ဈေးနှုန်းအဖြစ် ၁-၄-၂၀၂၆ ရက်မှ ၃၀-၄-၂၀၂၆ ရက်အထိ ရောင်းချရန် အသင်းဝင်ကုမ္ပဏီများသို့ ညွှန်ကြားထားရှိပါသည်-

(က) ယူရီးယား မြေဩဇာ (အလုံးကြီး) ၅၀ ကီလိုတစ်အိတ် ၉၄,၀၀၀ ကျပ်

(ခ) DI Ammonium Phosphate အခြေခံ ၁၅ ပတ်လည် ၅၀ ကီလိုတစ်အိတ် ၁၁၅,၀၀၀ ကျပ်

၂။ Complex ၁၅ ပတ်လည်မြေဩဇာကို ရည်ညွှန်းဈေးနှုန်း သတ်မှတ်ခြင်းမရှိပါ။ အထက်ပါ ဈေးနှုန်းများသည် ရန်ကုန်အထိုင်လက္ကားဈေးနှုန်းလက်ငင်းငွေချေစနစ် ဈေးများဖြစ်ပါသည်။ အဆိုပါဈေးနှုန်းများသည် ဒေသအလိုက် သယ်ယူပို့ဆောင်စရိတ်များ အပေါ်တွင်မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။ ရည်ညွှန်းဈေးနှုန်းများနှင့်အညီ ရောင်းချခြင်းမရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်အသိပေးနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

(က) ဦးဆောင်ကော်မတီ ဖုန်း-၀၆၇-၄၁၀၀၃၅

(ခ) MFSPEA အသင်း ဖုန်း-၀၉-၉၈၈၅၃၉၃၀၊ ၀၉-၆၆၅၅၀၃၉၀

မြန်မာနိုင်ငံမြေဩဇာ၊ မျိုးစေ့နှင့်စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

